စိတ်ကူးချိုချိုအနုပညာ

mgyoe.com


နေဇင်လတ်

# ပညာသိစွမ်းရည် တိုးတက်ဖွံ့ဖြိုးစေခြင်း



mgyoe.com

mgyoe.com



ပညာသိစွမ်းရည်
တိုးတက်ပွံ့ဖြိုးစေခြင်း
နေဇင်လတ်

nzl0021
2500.00 Ks

mgyoe.com

mgyoe.com

ပညာသိစွမ်းရည်တိုးတက်ဖွံ့ဖြိုးစေခြင်း

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၃၁၀၀၆၂၀၆၁၀ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၁၀၀၈၁၀၈၁၀ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဣ . ဒ . ဝ ပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်၊ ရန်ကင်း၊ ရန်ကုန်တို့က ပထမ အကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာ လတွင် တန်ဖိုး ၂၅၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် - ကိုတင်အေး (ရှိုင်း)

၁၂၀

နေဇင်လတ်

ပညာသိစွမ်းရည်တိုးတက်ဖွံ့ဖြိုးစေခြင်း / နေဇင်လတ် ။ - ရန်ကုန်။

စိတ်ကူးချိုချိုစာပေ၊ ၂၀၁၀။

စာမျက်နှာ ၂၃၇ မျက်နှာ၊ ၁၃.၂ စင်တီ× ၂၀.၅ စင်တီ

(၁) ပညာသိစွမ်းရည်တိုးတက်ဖွံ့ဖြိုးစေခြင်း

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | ပါဝါ | ၁ |
| ၂။ | ဒီမိုကရေစီနှင့် ဈေးကွက်စီးပွား | ၁၂ |
| ၃။ | သိမ်မွေ့စွာပူးပေါင်းခြင်း | ၂၃ |
| ၄။ | မဟာတံတိုင်းကြီးပြိုလဲခြင်း | ၃၁ |
| ၅။ | လက်ဝဲသမားများပြန်လည်ဦးမော့လာနိုင်သလား | ၄၂ |
| ၆။ | ပါဝါနှင့်မဟာဗျူဟာ | ၅၁ |
| ၇။ | တူသောအသိသို့ | ၉၀ |
| ၈။ | ခေတ်ဝန်ကို ကောင်းစွာ ထမ်းနိုင်ကြစေ | ၉၇ |
| ၉။ | ယဉ်ကျေးမှုတစ်ခုသွတ်သွင်းခြင်း | ၁၀၄ |
| ၁၀။ | ယဉ်ကျေးမှုတစ်ခုပျောက်ဆုံးလျှင် | ၁၁၁ |
| ၁၁။ | အလုပ်ဖြစ်အောင်လုပ်သည် | ၁၁၈ |
| ၁၂။ | အချိန်တစ်ခုကိုနားလည်ခံစားခြင်း | ၁၂၅ |
| ၁၃။ | ငြိမ်းချမ်းရေးစိတ်ဓာတ် | ၁၃၂ |
| ၁၄။ | အမေရိကန်နိုင်ငံမှနားလည်ရအခက်ဆုံးသူ | ၁၄၀ |
| ၁၅။ | ယဉ်ကျေးမှုတစ်ရပ်မွေးစားခြင်း | ၁၅၁ |
| ၁၆။ | သိမ်းပိုက်လိုခြင်းရှိလာလျှင်လမ်းစဉ်သည်ပင် ပန်းတိုင်ဖြစ်သွား၏။ | ၁၅၈ |
| ၁၇။ | ရတုချီ၊ ရွှေဆီသို့ | ၁၆၅ |
| ၁၈။ | ပညာသိစွမ်းရည် တိုးတက်ဖွံ့ဖြိုးစေခြင်း | ၁၇၁ |
| ၁၉။ | စေတနာမှန်၊ 'ကံ' ဖြစ်စေသည် | ၂၀၇ |
| ၂၀။ | တချို့ကား 'ရှင်' ဖို့ စားကြသည် | ၂၁၅ |
| ၂၁။ | ပညာကိုခွဲခြမ်းစိတ်ဖြာရာ | ၂၂၂ |
| ၂၂။ | Yangon Media Group နှင့် အမေးအဖြေ | ၂၂၉ |




mgyoe.com

mgyoe.com

# ပါဝါ

14th July 2009

မြို့ကြီးတစ်မြို့မှာ ဟောပြောပွဲတစ်ခုလုပ်ပေးပါဆိုလို့ ခေါင်းစဉ်ကို ဘမောင်က ပါဝါနဲ့ မဟာဗျူဟာလို့ ပေးလိုက်တယ်။ ရှောရှောရှူရှူဖြစ်အောင် စီးပွားပါဝါ၊ စီးပွားဗျူဟာ (Economic Power and Strategy) ဆိုပြီးပြောင်းဖို့ ညှိနှိုင်းလို့ ခေါင်းညိတ်လိုက်ပါတယ်။ တကယ်တော့ ပါဝါဆိုတာ ရေးကတည်းက သုံးစွဲခဲ့တဲ့ ဝေါဟာရတစ်ခုပါ။ ဘာမှမထူးဆန်းဘူး။ လူတိုင်း၊ သတ္တဝါတိုင်းမှာ ပါဝါရှိတယ်၊ ပါဝါအဆင့်နဲ့ ကွဲပြားမှုသာ ခြားနားတာ။ ပါဝါ (Power) ကို အင်္ဂလိပ်မှာ အမျိုး (၂၀) ကျော်လောက် အဓိပ္ပာယ်ဖွင့်ထားတယ်။ ဘမောင်ပြောချင်တဲ့ ခေါင်းစဉ်နဲ့ လိုက်လျောညီထွေတဲ့ အဓိပ္ပာယ်တစ်ခုကတော့ (Power – The ability to control people or things) တဲ့။ မြန်မာအဘိဓာန်မှာကျတော့ (ပြုလုပ်ဆောင်ရွက်နိုင်သည့် စွမ်းရည်၊ သြဇာ၊ အာဏာ၊ ထိန်းချုပ်မှု) လို့ တွေ့ရတယ်။ ပါဝါကို ပါဝါလို့ တွင်တွင်သုံးကြမှုများတာ တွေ့ရပါတယ်။ ဘမောင်က ပါဝါကို လူတစ်ဦးချင်းစီပိုင်ဆိုင်ကြတဲ့ အရည်အချင်း၊ အဖွဲ့အစည်းတစ်ခုကို ဦးဆောင်နေတဲ့ ဦးဆောင်သူရဲ့အရည်အချင်း၊ အဲဒီကနေ နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ တိုက်ကြီးတွေ ပြီးတော့ ကမ္ဘာ့ခေါင်းဆောင်တွေအထိ ကျယ်ကျယ်ပြန့်ပြန့်ပြောချင်တာ၊ ပြီးတော့ စီးပွားရေးပါဝါ (Economic Power)၊ လူမှုရေးပါဝါ (Social Power)၊ နိုင်ငံရေးပါဝါ (Political Power) စသဖြင့်ပေါ့။ နောက် ကမ္ဘာ့ခေါင်းဆောင်ကြီးတွေမှာ ဘယ်သူတွေက ဘယ်ပါဝါမျိုး ပိုင်ဆိုင်ကြသလဲ၊ ဘယ်လို မဟာဗျူဟာတွေ သုံးသွားခဲ့ကြသလဲ၊ အဲဒီရလဒ်ကြောင့် ကမ္ဘာ့ဝန်းကျင်ကြီး ဘယ်လိုပြောင်းသွား

mgyoe.com

သလဲ စသဖြင့်လည်း ထည့်ပြောချင်တယ်။

ဟောပြောပွဲက စုစုပေါင်းမှ (၃) နာရီပဲဆိုတော့ ပြန်လှန်မေးခွန်းအတွက် နာရီဝက်နုတ်ရင် တကယ်ပြောချိန် နှစ်နာရီခွဲမှာ ခပ်ကြမ်းကြမ်းလောက်ပဲ ပြောနိုင်မှာပါ။ စီးပွားရေးလုပ်ငန်းရှင် တစ်ဦးအနေနဲ့ရော၊ ပညာရှင်တစ်ဦးအနေနဲ့ရော ရှုထောင့်စုံကပြောရမှာဆိုတော့ တော်တော်လေးပြောနိုင်မယ့်ခေါင်းစဉ်တစ်ခု ဖြစ်ပါတယ်။ ဘမောင်အတွက် နှစ်နာရီခွဲဆိုတဲ့အချိန်က ကန့်သတ်ထားတော့ အမြည်းသဘောပဲ ပြောနိုင်လိမ့်မယ် ထင်တယ်။

* * *

နယ်ပယ်တစ်ခုစီမှာ ပါဝါကို မတူတဲ့ရှုထောင့်က ရှုမြင်ကြတာ ဘမောင်ကောင်းကောင်း သတိထားမိတယ်။ စီမံခန့်ခွဲရေးရှုထောင့်က သည်လို ရှုမြင်ပါတယ်။

"Power : ............... is the ability to influence the behavior of others"

"Power : ............... is the capacity to restructure actual situation"

လူမှုရေးဆိုရှယ်သမားတွေကတော့ ...

"Power is not power over others"

(not forcing to do)

အတင်းအကြပ် စေခိုင်းခြင်းမဟုတ်တာကို ဆိုချင်တာပါ။

"Power is ability to get things done"

(inspiring to do)

အလုပ်ဖြစ်အောင် ဆွဲဆောင်စည်းရုံးတဲ့ အရည်အချင်းကို ပြောတာပါ၊ နယ်ပယ်နှစ်ခုက ရှုမြင်ပုံအကွာအဟကို တွေ့နိုင်ပါတယ်။

နိုင်ငံရေးနဲ့ စစ်ရေးအမြင်တွေထဲက ခပ်ပြင်းပြင်းလေး မြင်တဲ့သူတွေကျတော့ ...

"An action over actions" လို့ ရှုမြင်ကြပြန်ပါတယ်။ တချို့ နိုင်ငံရေးသဘောတား ပျော့ပျောင်းကြသူတွေကတော့ သည့်ထက် ပျော့ပြောင်းတဲ့အမြင်မျိုးနဲ့ မြင်ကြပြန်ပါတယ်။ ပါဝါအမျိုးအစား အများကြီးပါ။

၁။ Personal Power

mgyoe.com

- Positional Power
- Constitutional Power
- Social Power
- Economic Power
- Military Power
- National Power
- Technical Power စသဖြင့် ဒါဇင်ပေါင်းများစွာသော ပါဝါတွေ ရှိကြပါတယ်။ မာသာထရီဇာ (Mother Teresa) ဆိုရင် Social Power ကြီးသူပါ။ Albert Einstein ဆိုတာကျတော့ Intuitive Power ပိုင်ဆိုင်ပြီး Sir Wiston Churchill ကျတော့ နိုင်ငံရေးသြဇာကြီးသူ ဖြစ်လာခဲ့ပါတယ်။ အိန္ဒိယက မဟတ္တမ ဂန္ဒီကြီးကျတော့ အင်မတန် လူချစ်လူခင်များတဲ့အတွက်ကြောင့် Charismatic ဖြစ်တယ်လို့ သတ်မှတ်ကြပါတယ်။ စီမံခန့်ခွဲရေးဂုရုကြီး Peter Drucker ကိုတော့ (Management and Visionary) အမျိုးအစားထဲ ထည့်ထားပါတယ်။

စီးပွားရေးဘက်မှာကျတော့ ပါဝါအပေါ် အားလုံးသဘောတူကြတဲ့ ဖွင့်ဆိုချက် မရှိသေးပါဘူး။ ဒါပေမဲ့ မှတ်ချက်ကောင်းတစ်ခုကို ဘမောင် သတိထားမိပါတယ်။

"In general, those with more power also have more freedom than others and may be able to exploit others in society"

စီးပွားရေးအင်အား ပိုကောင်းလာတာနဲ့ လွတ်လပ်မှုပိုရှိလာပြီး တခြားသူတွေအပေါ် အကဲသာတယ်ဆိုတဲ့ သဘောပါ။ စီးပွားရေးမှာ ဘယ်သူမှမငြင်းတဲ့ ပါဝါတွေကတော့ Purchasing Power ဆိုတဲ့ ဝယ်လိုအား၊ Monopoly Power ဆိုတဲ့ ထိန်းချုပ်သြဇာ၊ Bargaining Power ဆိုတဲ့ တောင်းဆိုနိုင်စွမ်း၊ Managerial Power ဆိုတဲ့ စီမံခန့်ခွဲမှု ပါဝါတွေကတော့ ရှိနေပါတယ်။

စာအုပ်ကြီးတိုင်းမဟုတ်ပဲ ခပ်တိုတိုနဲ့ ပါဝါကို ခံစားမှု၊ အာရုံ၊ အတွေ့အကြုံ အရ အဓိပ္ပာယ်ဖွင့်ရရင်...

- Social Power "Inspiring to do"
- Managerial Power "To get things done"
- Political Power "Power over the powers"

လို့ ပြောရင်ရပါတယ်။

* * *

mgyoe.com

mgyoe.com


နိုင်ငံရေးပါဝါကို နည်းနည်းပိုပီပြင်အောင် ရုပ်လုံးဖော်ကြည့်ရင် ...

"Political Power (imperium – Latin) is a type of power held by a group in a society which allows administration of some or all of public resources, including labor and wealth."

နိုင်ငံရေးပါဝါကို အယူအဆတစ်ရပ်မှ နည်းနည်းပိုပြီး ဖြန့်ကြက်ထားတာတွေ့ရပါမယ်။ လူထုရဲ့ အရင်းအမြစ်၊ လုပ်သားနဲ့ ကြွယ်ဝမှုကို စီမံခန့်ခွဲနိုင်ခွင့်အာဏာရှိတယ်ဆိုတာ နိုင်ငံရေးပါဝါပါပဲ။ ဒါက နိုင်ငံတစ်နိုင်ငံအတွင်းမှာရှိတဲ့အုပ်ချုပ်သူတွေရဲ့ နိုင်ငံရေးပါဝါအဆင့်မျှသာ ဖြစ်ပါတယ်။ နိုင်ငံတကာဆက်ဆံရေးရှုထောင့်ကကြည့်တဲ့ နိုင်ငံရေးပါဝါကျတော့ ပိုပြီး ကျယ်ပြန့်လာပါတယ်။ ဖိအားပေးမှု၊ ပိတ်ဆို့မှု၊ အတင်းအကြပ်ဆောင်ရွက်မှုတွေအထိ ပါဝင်လာပါတယ်။

နိုင်ငံတစ်ခုမှာ ဒီမိုကရေစီနည်းကျ ပါဝါခွဲခြားမှုကို အစိုးရတွေ လုပ်ဆောင်ရလေ့ ရှိပါတယ်။ Separation of Power လို့ ဘမောင်တို့ အသုံးပြုလေ့ ရှိကြပါတယ်။

**Separation of Power**

- Legislative Power ဥပဒေပြုရေး
- Executive Power အုပ်ချုပ်ရေး
- Judicial Power တရားစီရင်ရေး

အဲဒီပါဝါသုံးခု သီးခြားစီ ခွဲထုတ်ထားပြီး ပါဝါတစ်ခုနဲ့တစ်ခု မလွှမ်းမိုးရေးကို သတိထားဆောင်ရွက်လေ့ ရှိပါတယ်။ တချို့နိုင်ငံတွေမှာ Executive Power ဆိုတဲ့ အုပ်ချုပ်ရေးပါဝါက တခြားပါဝါနှစ်ခုကို လွှမ်းမိုးတတ်လေ့ ရှိကြောင်း တွေ့နိုင်ပါတယ်။

သည်နေရာမှာ ကြုံလို့ပြောရရင် နောက်ပိုင်း နိုင်ငံအများလိုက်ပါကြတာ စနစ်နှစ်မျိုး ဖြစ်ပါတယ်။ ကွန်မြူနစ်၊ ဆိုရှယ်လစ်တွေက တစ်ဘာသာ ဖြစ်ပါတယ်။ ဒီမိုကရေစီနိုင်ငံအများလိုက်ပါကြတဲ့စနစ်နှစ်မျိုးမှာ ...

- Presidential System (သမ္မတအုပ်စိုး)
- Parliamentary System (ပါလီမန်အုပ်စိုး)

သမ္မတစနစ်မှာ သမ္မတဟာ အစိုးရရဲ့ အကြီးအကဲဖြစ်ပြီး အုပ်ချုပ်မှုအာဏာ အပြည့်အဝရယူပါတယ်။ ပါလီမန်စနစ်မှာကျတော့ Head of State ဆိုတဲ့ နိုင်ငံအကြီးအကဲက ပြယုဂ်သဘောလောက်ပဲဖြစ်ပြီး ဝန်ကြီးချုပ်က အုပ်

mgyoe.com

mgyoe.com


ချုပ်မှု အာဏာအရှိဆုံး ဖြစ်ပါတယ်။ ရုရှားမှာတော့ သမ္မတနဲ့ဝန်ကြီးချုပ် နှစ်မျိုး ပေါင်းထားပြီး လောလောဆယ်မှာ ဝန်ကြီးချုပ်က သမ္မတထက် ဩဇာပိုကြီးနေတာ သတိထားမိမှာပါ။ တရုတ်မှာလည်း သမ္မတနဲ့ ဝန်ကြီးချုပ် ပေါင်းထားတဲ့ စနစ်သုံးထားပြီး သမ္မတက ဩဇာပိုပါတယ်။

* * *

(၁၉၈၀) ဝန်းကျင်လောက်မှာ နိုင်ငံတွေရဲ့ပါဝါကို နှစ်မျိုး ခွဲခြားလာပါတယ်။ Hard Power ဆိုတဲ့ ပါဝါအမာနဲ့ Soft Power ဆိုတဲ့ ပါဝါအပျော့ ဖြစ်ပါတယ်။ နိုင်ငံအချင်းချင်း ဆက်ဆံမှု ပိုရှုပ်ထွေး၊ ပိုသိမ်မွေ့လာတာနဲ့အမျှ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ လွှမ်းမိုးချုပ်ကိုင်ဖို့ ကြိုးစားလာရင်း Smart Power ခေတ်စားလာပါတယ်။

## Hard Power

Hard Power refers to coercive tactics, the threat or use of armed forces, economic pressure or sanctions, assassination etc...

နိုင်ငံရေးလောကမှာ ဘမောင်တို့ 'Carrot & Stick' ဆိုတဲ့ အသုံးအနှုန်း ရှိပါတယ်။ 'မုန့်နဲ့တုတ်' လို့ မြန်မာမှု ပြုနိုင်ပါတယ်။ Hard Power ကို 'တုတ်သုံးပါဝါ' လို့လည်း ပြောလို့ရပါတယ်။ စစ်အင်အားသုံးနိုင်ပါတယ်၊ စီးပွားရေး ဖိအားပေးနိုင်ပါတယ်၊ ပိတ်ဆို့မှုတွေ လုပ်နိုင်ပါတယ်၊ နောက်ဆုံး လုပ်ကြံမှုတွေအထိ ဆောင်ရွက်မှုမျိုးကို Hard Power လို့ သတ်မှတ်ပါတယ်။

## Soft Power

Means of exercising soft power includes diplomacy, dissemination of information, analysis, propaganda, and cultural programming to achieve political ends.

သံရေးတမန်ရေး၊ သတင်းအချက်အလက်ဖြင့် ထိုးနှက်မှု၊ ဝါဒဖြန့်ချိမှု၊ ယဉ်ကျေးမှုတစ်ရပ်ကို စနစ်တကျ သွတ်သွင်းမှုစတဲ့ လုပ်ဆောင်ချက်တွေကို ပါဝါအပျော့ထဲမှာ ထည့်သွင်းထားပါတယ်။ အပေးအယူ၊ စေ့စပ်ညှိနှိုင်းမှုတွေလည်း ပါဝင်ပါတယ်။

mgyoe.com

mgyoe.com


**Smart Power**

Smartt Power is the ability to obtain what you want through cooperation and attraction rather than the hard power.

သည်ပါဝါမှာ ပညာနဲ့လိမ္မာပါးနပ်မှု အခြေခံပါတယ်။ ဖြစ်ပေါ်လာတဲ့ အခြေအနေတစ်ရပ်ရပ်ပေါ်မှာ တင်းသင့်ရင်တင်း၊ လျော့သင့်ရင်လျော့ပြီး ဆောင်ရွက် ရပါတယ်။ မဟာဗျူဟာ ပိုမြောက်ပါတယ်။ 'Carrot & Stick' နှစ်မျိုးလုံးကို သင့်သလိုသုံးသွားလို့ရတဲ့ ပါဝါမျိုးပါ။

ပါဝါဆိုင်ရာဟာ အတော်ကျယ်ပြန့်ပါတယ်။ ခပ်ကြမ်းကြမ်းသိဖို့ ကောင်းတဲ့အထဲမှာ National Power ရှိပါသေးတယ်။ နိုင်ငံတစ်ခုရဲ့ပါဝါလို့လည်း ခေါ်ပါတယ်။ တချို့နိုင်ငံတွေမှာ ဘာပါဝါမှမရှိတာ ဝမ်းနည်းဖွယ်ရာ ဖြစ်ပါတယ်။ ဥပမာ အာဖရိကနိုင်ငံတွေမှာ ရေနံ၊ သယံဇာတတွေ အများကြီးထွက်ပေမဲ့ အဲဒီက ရတဲ့ ပါဝါတွေကို National Power အဖြစ် မပြောင်းလဲနိုင်တာ သတိထားမိကြပါလိမ့်မယ်။

**National Power**

. . . is also used to describe the 'Resources' and 'Capabilities' of state.

နိုင်ငံတစ်နိုင်ငံရဲ့ အရင်းအမြစ်တွေနဲ့ စွမ်းဆောင်ရည်တစ်ခု ဖြစ်ပါတယ်။ အခြေခံအကျဆုံးဖြစ်ပြီး တကယ်ဆိုရင် ပိုပြီး လေးနက်ကျယ်ပြန့်တဲ့ ဖွင့်ဆိုချက်တွေ ရှိပါသေးတယ်။

"Power is the capacity to direct the decisions and actions of others. Power derives from strength and will. Strength comes from the transformation of resources into capabilities."

ပါဝါ ဘယ်က ဆင်းသက်လာတယ်ဆိုတာ ပြောတာပါ။ ပါဝါဟာ အင်အားနဲ့ ဆန္ဒက ဆင်းသက်လာပါတယ်။ အင်အားဆိုတာကလည်း အရင်းအမြစ်တွေကို စွမ်းဆောင်ရည်အဖြစ် အသွင်ပြောင်းပြီး ဖြစ်ပေါ်လာပါတယ်။ အရင်းအမြစ်တွေကို အသွင်ပြောင်းပြီး စွမ်းရည်အဖြစ် မပြောင်းနိုင်ဘူးဆိုရင် ပါဝါမရှိဘူးလို့ ပြောလို့ရစရာ ဖြစ်လာပါတယ်။

* * *

mgyoe.com

m gyee.com

လူတွေတစ်ဦးချင်း ပါဝါတိုးတက်ဖို့ ကြိုးစားကြသလို နိုင်ငံအဆင့်တွေမှာလည်း National Power ကို မြှင့်တင်ကြရင်း ပါဝါအဆင့်တွေတက်အောင် ကြိုးစားကြပါတယ်။ ပါဝါအဆင့်ကို ...

- Middle Power
- Regional Power
- Great Power
- Super Power
- Hyper Power

... ဆိုပြီး ခွဲခြားထားပါတယ်။ နောက်ပိုင်း Super-mega Power ဆိုတာ ပေါ်လာပါသေးတယ်။ ဘယ်ပါဝါတွေက ဘယ်အဆင့်ရှိတယ်၊ ဘယ်နိုင်ငံတွေ ဘယ်ပါဝါမျိုး ပိုင်ဆိုင်ကြတယ်ဆိုတာ ...

**Hyper Power**

Beyond 'super power'.

စစ်အေးကာလလွန်ပြီးတဲ့နောက်မှာ အဲဒီပါဝါမျိုးကို အမေရိကန် တစ်နိုင်ငံတည်းကသာ ပိုင်ဆိုင်ပါတယ်။ စူပါ–ပါဝါထက် သာလွန်တဲ့ပါဝါ ဖြစ်ပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ အတတ်ပညာ၊ လူမှုအဖွဲ့အစည်း တောင့်တင်းခြင်း ဖြစ်တဲ့အခါမှာ ပိုင်ဆိုင်ပါတယ်။ အရင်တုန်းက အဲဒီပါဝါ ပိုင်ဆိုင်ကြတဲ့သူတွေဟာ ... Hellenistic Empire, Chinese Empire, Persian Empire, Roman Empire, British Empire တွေ ဖြစ်ကြပါတယ်။

**Super Power**

"Great power plus great mobility of power."

Hyper ထက် တစ်ဆင့်သာနိမ့်ပေမဲ့ သည်ပါဝါရှင်မှာလည်း နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေးတွေ ကြီးကြီးကျယ်ကျယ် တောင့်တင်းရမှာ ဖြစ်ပါတယ်။ စူပါ–ပါဝါ ပိုင်ရှင်များကတော့ (USA, Soviet Union, British Empire) ဖြစ်ခဲ့ကြပေမဲ့ ဆိုဗီယက်က (၁၉၉၀) ဝန်းကျင်မှာ ပြိုကွဲသွားတာရယ်၊ အင်္ဂလိပ်တွေ ဒုတိယကမ္ဘာစစ်နောက်ပိုင်း အဘက်ဘက်က ကျဆင်းခဲ့တာတွေကြောင့် အဲဒီပါဝါကို မပိုင်ဆိုင်နိုင်ကြတော့ပါဘူး။ အမေရိကန်က တစ်ဆင့်ထပ်တက်သွားလို့ ကမ္ဘာမှာ သည် ပါဝါထိုင်ခုံ လွတ်နေပါတယ်။ တရုတ်နဲ့ရုရှားက သည်နေရာကို ကြိုးစားနေ

mgyee.com

mgyoe.com

ကြပါတယ်။

အကြမ်းဖျင်းကြည့်ရင် အမေရိကန်နဲ့ တခြား တိုးတက်နေပါတယ်ဆိုတဲ့ နိုင်ငံတွေကြားမှာ ပါဝါနှစ်ဆင့် ကွာနေတယ်ဆိုတာ တွေ့ရမှာ ဖြစ်ပါတယ်။

## Great Power

"In historical, the term great power refers the nations that have strong political, cultural and economical influence."

သမိုင်းကြောင်းအရပြောရရင် Great Power ဆိုတာ နိုင်ငံရေး၊ ယဉ်ကျေးမှုနဲ့ စီးပွားရေးဩဇာကြီးရမယ်လို့ သတ်မှတ်ထားပါတယ်။ သည်အဆင့်မှာတော့ (China, France, Russia, UK) တို့ ပိုင်ဆိုင်ကြပါတယ်။

ပြင်သစ်က ဗာဆိုင်းနန်းတော်၊ လုပ်(ဖ်)ပြတိုက်တွေကို အသေအချာ လေ့လာကြည့်ဖြစ်တော့ ပြင်သစ်တွေ တစ်ချိန်က ဘုန်းမီးနေလတောက်ခဲ့တယ်ဆိုတာ ဘမောင်တို့ ယုံမှားသံသယမရှိ အံ့ဩခဲ့ရဖူးပါတယ်။ ပြင်သစ်တွေရဲ့ ယဉ်ကျေးမှု၊ အနုပညာတွေ ခံစားပြီးတဲ့အခါမှာ တခြားနိုင်ငံတွေရဲ့ ယဉ်ကျေးမှု ဘမောင်မျက်လုံးထဲ တော်ရုံလောက်ဆို မတိုးနိုင်အောင် ဖြစ်ခဲ့ရပါတယ်။ Great Power အဆင့်မှာ ယဉ်ကျေးမှုဟာ အရေးပါတဲ့ တစ်ခန်းတစ်ကဏ္ဍမှာ ရှိနေပါတယ်။

## Regional Power

... is also used to describe a nation that exercises influence and power within a region.

ဒေသတစ်ခုအတွင်း နိုင်ငံတစ်နိုင်ငံရဲ့ ဩဇာလွှမ်းမိုးမှုရှိလာနိုင်ရင် ဒေသအဆင့် ပါဝါရလာပါတယ်။ အာဆီယံထဲမှာဆိုရင် စင်ကာပူ၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်းတို့က သူ့ထက်ငါ အဲဒီပါဝါကိုရအောင် ကြိုးစားနေကြပါတယ်။ နိုင်ငံတွေ တော်တော်များများက မျက်မှောက်ကာလမှာ ဒေသအဆင့်အထိ ပါဝါ ထူထောင်ဖို့ ကြိုးစားနေကြရပါတယ်။ ဒါမှ ကမ္ဘာ့အလယ်မှာ တစ်စုံတစ်ရာ အတိုင်းအတာအထိ ခံ့ခံ့ညားညားရှိမှာ ဖြစ်ပါတယ်။

## Middle Power

Second tier influential states that could not be described as great power.

mgyoe.com

mgyoe.com


Great Power အဆင့် မရောက်သေးတဲ့နိုင်ငံတွေ ဖြစ်ပါတယ်။ တိုးတက်မှုအတွက် အခြေခံကောင်းတွေ ပိုင်ဆိုင်ထားကြပြီး အခြေအနေပေးရင် တစ်ဆင့်တက်မယ့်နိုင်ငံတွေလည်း ဖြစ်ပါတယ်။ သည်နိုင်ငံအဆင့်မှာ Australia, Brazil, Canada, Germany, Japan, India, Italy, Mexico, S-Korea, Spain နိုင်ငံတွေ ပါဝင်ကြပါတယ်။ ဘရာဇီး၊ အိန္ဒိယ၊ မက္ကဆီကို နိုင်ငံတွေ အလွန်အလားအလာကောင်းတာ တွေ့ရပါတယ်။ ဂျာမနီ၊ ဂျပန်၊ အီတလီတွေက တစ်ချိန်က ဘုန်းမီးနေလတောက်ခဲ့ပြီး ဒုတိယကမ္ဘာစစ်နောက်ပိုင်းကျမှ ကြိုးစားပြီး ပြန်တက်ခဲ့ရတဲ့နိုင်ငံတွေဆိုတာ ဘမောင် သတိထားမိပါတယ်။

သည်နေရာမှာ ပါဝါအယူအဆတစ်ရပ်ကို ဘမောင် သတိပြုမိတာတစ်ခုရှိတယ်။ (၁၉၄၀) ဝန်းကျင်ကာလတွေမှာ နိုင်ငံရေးဝါဒအယူအဆတွေ ရှေ့တန်းရောက်လာပါတယ်။ နိုင်ငံတော်တော်များများ လက်ဝဲယိမ်းသွားကြပါတယ်။ နိုင်ငံရေးအယူအဆ ကောင်းကောင်းဟာ များသောအားဖြင့် အခြေခံလူတန်းစားအတွက် ကိုယ်စားပြုသလိုဖြစ်လာတော့ ပါဝါတွေ ရလာကြပါတယ်။ ပါဝါရဲ့အခြေခံဟာ နိုင်ငံရေးအယူအဆကောင်းပေါ်က ဆင်းသက်လာသလို ဖြစ်ခဲ့ပါတယ်။ နှစ်ပေါင်း (၂၀) (၃၀) ကြာတဲ့အထိ ကွန်မြူနစ်တွေ၊ ဆိုရှယ်လစ်တွေက သူတို့နိုင်ငံရေးအယူအဆတွေကို ဘောင်ခတ်ကြိုးစားကြရင်း အခြေခံလူတန်းစားအတွက် ဘာမှဖြစ်လာအောင် လုပ်မပေးနိုင်ကြတော့ စစ်အေးခေတ်လွန်မှာ လက်ယာစနစ်ဘက် ပြောင်းသွားကြတဲ့နိုင်ငံတွေ တော်တော်များလာပါတယ်။

(1970s) ဝန်းကျင်ကာလတွေမှာ ပါဝါအယူအဆတစ်မျိုး ပြောင်းသွားပါတယ်။ စီးပွားရေးအင်အားကြီးလာရင် နိုင်ငံတကာပါဝါကို ကောင်းကောင်းကြီး အထောက်အပံ့ပေးနိုင်တယ်ဆိုတဲ့ အယူအဆဆီကို လက်ခံလာကြပါတယ်။ စစ်အေးခေတ်လွန်မှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ စစ်ဖြစ်ပွားဖို့ အခွင့်အလမ်း အတော်နည်းပါးသွားပြီး အရင်းရှင်စနစ်နဲ့ ဈေးကွက်စီးပွားရေးအယူအဆတွေ တစ်စုံတစ်ရာ အတိုင်းအတာအထိ ဖွံ့ဖြိုးလာပါတယ်။ မျက်မှောက်ခေတ်မှာ နိုင်ငံရေးဩဇာရဖို့ စီးပွားရေးအင်အားနဲ့ တည်ဆောက်ကြပါတယ်။ စီးပွားရေးအခြေခံကောင်းတွေ စိတ်ချရတော့မှ စစ်ရေးအင်အားကို တည်ဆောက်တဲ့အယူအဆကို နိုင်ငံတော်တော်များများ လက်ခံလာခဲ့ပါတယ်။

စီးပွားရေးပါဝါရရှိအောင် ဆောင်ရွက်ကြရာမှာ ကောင်းနိုးရာရာ စီးပွားရေးစနစ်အမျိုးမျိုးကို အခြေခံကြပါတယ်။ တချို့သောစနစ်တွေကိုပြောရရင် ...

Capitalism

mgyoe.com

mgyoe.com

- Capitalist Economy
- Black Economy
- Free Market
- Market Economy
- Industrialism
- Laissez-faire
- Managed Economy
- Mixed Economy
- Non-market Economy
- State Capitalism
- State Socialism

သည်နေ့ခေတ်ကတော့ Market Economy စီးပွားရေးစနစ် ဖြစ်ပါတယ်။

**စီးပွားပါဝါအရွေ့**

Emerging Economic Power Shift မှာ (၂၀၀၈) က ဖြစ်သွားတဲ့ ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမတိုင်ခင် နှစ်များစွာကတည်းက နိုင်ငံတော်တော်များများဟာ အမေရိကန်ရဲ့ ဩဇာအရိပ်ကထွက်ဖို့ ကြိုးစားခဲ့ကြတာ တွေ့ရပါလိမ့်မယ်။ ယူရိုဒေါ်လာ ဖန်တီးလိုက်တာဟာ သိသာတဲ့စိန်ခေါ်မှုတစ်ရပ် ဖြစ်ပါတယ်။ (၂၀၀၅) နောက်ပိုင်း နိုင်ငံတော်တော်များများရဲ့ နိုင်ငံခြားငွေအရံ ကိုင်ဆောင်မှုမှာ အမေရိကန်ဒေါ်လာအစား ယူရို၊ ပေါင်စတာလင်တွေကို ပြောင်းလဲသိမ်းဆည်းတာမျိုး တွေ့လာရပါတယ်။ ဆွစ်ဇာလန်၊ ရုရှား၊ ဗင်နီဇွဲလား၊ အိရန်၊ တရုတ်တို့က သူတို့ရဲ့ နိုင်ငံခြား အရံငွေကြေးထဲမှာ ဒေါ်လာကိုလျှော့ပြီး တခြားသုံးငွေတွေနဲ့ အစားထိုးလာကြပါတယ်။ (၂၀၀၆) ခုနှစ် တစ်နှစ်တည်းမှာကိုပဲ ယူရိုက တန်ဖိုး (၁၁%) တက်လာပြီး ပေါင်စတာလင်က (၁၄%) တန်ဖိုး တက်လာပါတယ်။

အမေရိကန်က သူ့ရဲ့ စီးပွားရေးအင်အားကို လက်ရှိ ဦးဆောင်မှုကဏ္ဍက လျော့မကျသွားအောင် ကြိုးစားသလို အခြားနိုင်ငံတွေကလည်း ပါဝါတိုးအောင် ကြိုးစားနေကြပါတယ်။ အခုနောက်ဆုံး စုပေါင်းကြိုးစားမှုကတော့ BRIC ဆိုတဲ့ (Brazil, Russia, India, China) လေးနိုင်ငံရဲ့ ပူးပေါင်းမှုပါပဲ။ အမေရိကန်ကို

mgyoe.com

mgyoe.com


တစ်နိုင်ငံချင်းယှဉ်ရတာ ခက်ခဲတော့ စုပေါင်းအားကို ယူတဲ့သဘောပါ။ နောက်လာမယ့် နှစ် (၅၀) လောက်မှာ BRIC လေးနိုင်ငံပေါင်းရဲ့ စီးပွားရေးပါဝါဟာ ကမ္ဘာမှာ အကြီးဆုံးဖြစ်လာလိမ့်မယ်လို့ ပညာရှင်တွေက သုံးသပ်နေကြပါပြီ။

စီးပွားရေးပါဝါအရွေ့ဖြစ်လာရင် နိုင်ငံရေးပါဝါအရွေ့လည်း နောက်က လိုက်လာရမှာ ဖြစ်ပါတယ်။ 'ရွှေ့သူ' နဲ့ 'အရွှေ့ခံရသူ' တွေရဲ့ အားစမ်းပွဲတစ်ခုပါ။ Post American World မှာ Fareed Zakaria က အတော်လေး ထောက်ပြထားပါတယ်။ Civil Society ဆိုတဲ့ အရပ်ဘက် လူမှုအဖွဲ့အစည်းတိုးတက်မှုမှာ အမေရိကန်တွေ ပရှ့တန်းသိပ်ရောက်နေတဲ့အတွက် နောက်လူတက်ဖို့ သိပ်မလွယ်ဘူးဆိုတဲ့သဘော တွေ့ရပါတယ်။

ဘာပဲပြောပြော ကမ္ဘာ့မျက်နှာစာတစ်ခုမှာ ပါဝါလွန်ဆွဲပွဲကတော့ တစ်စုံတစ်ရာ အတိုင်းအတာအထိ ရှိနေပါပြီ။ ဘယ်ပါဝါမျိုးအယူအဆက ရှေ့တန်းတက်လာမလဲဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

"The capacity to restructure actual situation"လား ...

"An action over the actions" လားဆိုတာ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

၀

*By Weekly Eleven Journal (31.7.2009)*

mgyoe.com

mgyoe.com

# ဒီမိုကရေစီနှင့် ဈေးကွက်စီးပွား

15th July 2009

(၂၀၁၀) ရွေးကောက်ပွဲကို တော်တော်များများက စိတ်ဝင်စားကြသည်။ Status Quo ဟူသောပိုနေမြဲ–ကျားနေမြဲထက် ဒီမိုကရေစီစနစ်ကို ပို၍ပီပြင်စွာ ဖော်ဆောင်နိုင်မည်ဟု မျှော်လင့်နေကြသူများလည်း ရှိကြသည်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေသည် နိုင်ငံတစ်နိုင်ငံ၏အသက် ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးဖြစ်၍ ရွေးကောက်ပွဲကို တစ်ဆင့်တက်လာခြင်း ဖြစ်သည်။ ရွေးကောက်တင်မြှောက်ခံကြမည့် တာဝန်ရှိသူများ၏ အမြင်၊ ပညာ၊ အတွေ့အကြုံ၊ အယူအဆ၊ ကမ္ဘာ့နိုင်ငံရေးဝန်းကျင်၊ စီးပွားရေးဝန်းကျင်၊ စစ်ရေးဝန်းကျင်တို့အပေါ် အမှန်ကန်ဆုံး သုံးသပ်နိုင်မှုသည် အနာဂတ်နိုင်ငံတော်ကို ပုံဖော်နိုင်မှုနှင့် များစွာ တိုက်ရိုက်အချိုးကျလျက်ရှိ၏။

(၂၁) ရာစုသည် 'နိုင်ငံရေးစနစ်တွင် ဒီမိုကရေစီ'၊ 'စီးပွားရေးစနစ်တွင် ဈေးကွက်စီးပွား' ပို၍ ရင့်ကျက်ပီပြင်လာမည့်အချိန်ဟု တစ်ကမ္ဘာလုံးက သုံးသပ်၊ မျှော်လင့်၊ ပြင်ဆင်ထားကြသည်။ ကမ္ဘာ၏ သွားရာလမ်းကြောင်းသည်လည်း ဤယူဆချက်နှင့် တစ်သားတည်းရှိနေ၏။ (၂၀၀၈) ကမ္ဘာ့စီးပွားရေးအကျပ်အတည်းမှ သင်ခန်းစာအရ ဈေးကွက်စီးပွားရေးတွင် အစိုးရများက လုံးဝ လွှတ်မထားသင့်တော့ဟူသော 'ကိန်း' အယူအဆတစ်ချက်မျှ ပေါ်ထွက်လာသည်မှအပ ကြီးမားသော ပြောင်းလဲမှုများ မတွေ့ရချေ။ အစိုးရ၏ပတ်သက်မှု (involvement) တွင် အမိန့်ပေးစနစ်၊ ဗဟိုချုပ်ကိုင်မှုစနစ် (not as capatin) မဖြစ်သင့်ဘဲ ထိန်း

mgyoe.com

သိမ်းတည့်မတ်ပေးသူ (as coach) မျှသာ ဖြစ်သင့်သည်ဟူသောအယူအဆက အင်အားကြီးစွာ လွှမ်းမိုးထား၏။ ထိုအယူအဆလည်း အပြောင်းအလဲ မရှိတတ်သေး။

ဤတွင် နိုင်ငံရေးစနစ်၌ ဒီမိုကရေစီ၊ စီးပွားရေးစနစ်၌ ဈေးကွက်စီးပွား 'ဘာကြောင့်ဖြစ်သင့်သလဲ' ဟူသော မေးခွန်းဖြစ်လာ၏။ ဒီမိုကရေစီဟူသော ဝေါဟာရသည် ရှေးခေတ် ဂရိက ဆင်းသက်လာသည်။ 'Demokratia' မှ Democracy ဖြစ်လာသည်။ တိုက်ရိုက်အဓိပ္ပာယ်မှာ "Popular Government" ဟူသော အများထောက်ခံသည့်အစိုးရဟု အဓိပ္ပာယ်ဖော်နိုင်မည် ဖြစ်သည်။ အဓိကနှစ်ချက်သာဖြစ်သည်။ ဝိသေသအားဖြင့်လည်း နှစ်ပိုင်းသာ ရှိသည်။ သြဇာအာဏာ (Power) ကို အများပြည်သူက ညီမျှစွာရရှိနိုင်မှု အခွင့်အလမ်း "The society (citizens) have equal access to power" နှင့် ပြည်သူအားလုံး လွတ်လပ်မှုနှင့် အခွင့်အရေး ညီမျှစွာရရှိနိုင်ခြင်း "All members (citizens) enjoy universally recognized freedoms and liberties" တို့ဖြစ်သည်။ **အဓိက အနှစ်သာရမှာ 'အများစု၏အုပ်ချုပ်မှု' (Majority Rule)** ဖြစ်၏။

ဘာကြောင့် ဤအနှစ်သာရပေါ်တွင် **အခြေခံ** တည်ဆောက်လိုက်နာရပါသလဲဟူသော ထပ်ဆင့်စောဒကအတွက် အများ၏ 'တိုးတက်မှု' ကို ဆောင်ရွက်နိုင်ရန်ဟု ခိုင်မာသောအကြောင်းကို တွေ့နိုင်မည်ဖြစ်သည်။ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်မှုသည် တိုးတက်မှုကို ဖြစ်စေသည်။ လွတ်လပ်စွာ ပြောဆိုနိုင်မှုသည် ချိန်ခွင်လျှာကို ထိန်းညှိပေးသည်။ တိုးတက်မှုတစ်ရပ်ရရှိရန် လွတ်လပ်၊ မျှတစွာသော ယှဉ်ပြိုင်နိုင်မှု ဖြစ်တည်ပေါ်ပေါက်လာရေးသည် ဒီမိုကရေစီ၏ အခြေခံအုပ်မြစ်တစ်ချပ် ဖြစ်လာခဲ့သည်။

**မည်သည့်စနစ်မျှ ခြောက်ပစ်ကင်းသည်** မဟုတ်၊ 'အကောင်းများရာ၊ အဆိုးနည်းရာ' တို့ကို ရွေးချယ်ခြင်းဖြင့်သာ လူ့ဘောင်ကို တည်ဆောက်ကြသင့်သည်။ ရှည်လျားသော အတိတ်ကာလတစ်လျှောက် နိုင်ငံရေးစနစ်ပေါင်းများစွာ ကျော်ဖြတ်ခဲ့ပြီး ဖြစ်သည်။ စီးပွားရေးစနစ်များစွာကိုလည်း အသုံးချခဲ့ပြီး ဖြစ်သည်။ မျက်မှောက်ကာလအတွက် ဤအချိန်၊ ဤအခါ၊ ဤဝန်းကျင်နှင့် အကိုက်ညီဆုံးဟု အများက ယူဆယုံကြည်ကြသောကြောင့် ဤစနစ်တို့ ရှေ့တန်းရောက်လာခြင်းသာ ဖြစ်သည်။ ဒီမိုကရေစီတွင် နိုင်ငံရေးထုတ်ဖော်မှု လွတ်လပ်ခြင်း၊ အများနှင့်ဆိုင်ရာပြောဆိုမှု ပွင့်လင်းနိုင်ခြင်း၊ သတင်းအချက်အလက်ထုတ်လွှင့်မှု အဆီးအတားမရှိခြင်းများသည်လည်း တိုးတက်မှုလမ်းကြောင်းပေါ် တွန်းတင်ပေးသော

mgyoe.com

mgyoe.com


မောင်းနှင်အားများ ဖြစ်၏။

နိုင်ငံရေးစနစ်ဟောင်းများမှ တချို့ကို လေ့လာနိုင်သည်။ Monarchy ဟူသော သက်ဦးဆံပိုင်ဘုရင်စနစ်တွင် (Rule by one individual) တစ်ဦးတည်းကသာ အလုံးစုံသောအာဏာ (Total power) ကို ဆုပ်ကိုင်ထားသဖြင့် ဤအာဏာရှင်စနစ်က ပြည်သူကို ကိုယ်စားမပြုနိုင်၊ Oligarchy (rule by small elite class) ဟူသော လူနည်းစုအုပ်ချုပ်သော အစိုးရသည်လည်း အများအတွက် အကျိုးပြုနိုင်မှု အလွန်နည်းပါးသည်။ အလားတူ အခြားကမ္ဘာက ဖြတ်သန်းခဲ့ပြီးသော နိုင်ငံရေးစနစ်များမှာ အများကို ကိုယ်စားမပြုနိုင်ခဲ့၍ နောက်ဆုံး အေသင်တို့ကျင့်သုံးခဲ့သော Athenian Democracy မှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်လာသော မျက်မှောက်ခေတ်ဒီမိုကရေစီစနစ်ကို အများက အာရုံရောက်လာရခြင်း ဖြစ်သည်။

* * *

ပထမကမ္ဘာစစ် (1940s) ကာလတစ်ဝိုက်တွင် အရင်းရှင်စနစ်ကျင့်သုံးသော နိုင်ငံများနှင့် ကွန်မြူနစ်စနစ်ကျင့်သုံးသောနိုင်ငံများ အားပြိုင်ခဲ့ကြ၏။ ဤကာလကဲ့သို့သော လူမှုစနစ်နှင့် အသိ မဖွံ့ခဲ့သေးသောအချိန်ဖြစ်၍ အခြေခံ လူတန်းစားအင်အားက (၇၀–၈၀)% မျှ နိုင်ငံတိုင်းတွင် ရှိခဲ့ကြသည်။ လက်ဝဲအုပ်စုပါ ကွန်မြူနစ်၊ ဆိုရှယ်လစ်များ၏ အခြေခံလူတန်းစားအတွက် ကြွေးကြော်သံသည် အများစုအာရုံကို ဖမ်းစားနိုင်ခဲ့ရင်း ... လက်ဝဲစနစ်က တစ်စုံတစ်ရာသော အတိုင်းအတာအထိ အားကောင်းလာခဲ့သည်။ အယူအဆရေးရာနှင့် သီအိုရီအရ အားကောင်းခဲ့သော်လည်း လက်တွေ့အကောင်အထည်ဖော်မှုကို မစွမ်းဆောင်နိုင်ခဲ့ပါ။ တစ်ဖက်တွင် လက်ယာစနစ်ဖြင့် ချီတက်ကြသောနိုင်ငံများ လူမှုအဆင့်အတန်း တိုးတက်လာခဲ့သဖြင့် (၁၉၇၀) တစ်ဝိုက်တွင် ကမ္ဘာ့နိုင်ငံရေး အဓိကစနစ်ကြီးနှစ်ခုတို့ ချိန်ခွင်လျှာအပြောင်းအလဲ သိသာစွာ ဖြစ်ခဲ့ပြန်သည်။ (1990s) ဆိုဗီယက်ယူနီယံကြီး ပြိုကွဲပြီးသည့်နောက် လက်ယာအရင်းခံ အရင်းရှင်စနစ်က သိသာစွာ အားကောင်းခဲ့သည်။ ဤစနစ်ကို ကျင့်သုံးခဲ့သောနိုင်ငံများ တိုးတက်သကဲ့သို့ နောက်ပိုင်း လက်ဝဲမှလက်ယာပြောင်း နိုင်ငံများလည်း အသီးသီးတိုးတက်သွားကြသည်ကို တွေ့ရသောအခါ... နိုင်ငံများ၏အရောင်များ နှစ်စဉ်နှင့်အမျှ ပြောင်းကုန်ကြတော့သည်။

ဤတွင် အစိုးရများ အယူအဆတစ်ရပ်၏အရွေ့ (Conceptual Paradygm Shift) ကို သတိထားမိနိုင်သည်။ ယခင်က နိုင်ငံရေးအယူအဆတစ်ရပ် အား

mgyoe.com

mgyoe.com


ကောင်းခဲ့လျှင် ထိုနိုင်ငံ၏ပါဝါ မြင့်တက်သည်ဟူသော အယူအဆပေါ် (Power base on political concept) အခြေခံခဲ့သော်လည်း (1970s) ကျော် ကာလများတွင်မူ နိုင်ငံတစ်ခု၏ အင်အားသည် စီးပွားရေးအပေါ်အခြေခံသည် (Power base on economic growth) ဟူသော အယူအဆဖြင့် အစားထိုးပစ်လိုက်ခြင်း ဖြစ်သည်။ မျက်မှောက်ကာလအယူအဆတွင် အခြေခံသည် စီးပွားရေးပါဝါ (Economic power as foundation)၊ ထိုမှ နိုင်ငံရေးပါဝါ (Economic power creats political power)၊ နောက်ဆုံးအဆင့်မှာ ချမ်းသာမှုမှ အချိုးကျ စစ်ရေးတည်ဆောက်ခြင်းနှင့် နိုင်ငံကာကွယ်ရေး(Military power as defensive) ဟူသော အယူအဆတစ်ရပ် အားကောင်းလာခဲ့သည်။

ဤအဆင့်များကို ဖြည့်ဆည်းနိုင်ရန် လွတ်လပ်သော ယှဉ်ပြိုင်နိုင်စွမ်းအား (competitive edge) လိုအပ်ပါသည်။ ဤအခွင့်အရေးကို မွေးဖွားပေးနိုင်သူမှာ ဒီမိုကရေစီစနစ်သာ ဖြစ်ပါသည်။ ထို့ကြောင့် ဒီမိုကရေစီ ရှေ့တန်းရောက်လာရခြင်း ဖြစ်၏။

ဒီမိုကရေစီတွင် မူကွဲများ အတောမသတ် ရှိသည်။ အချို့မှာ ...

- Athenian democracy.
- Constitutional democracy.
- Defensive democracy.
- Deliberative democracy.
- Emergent democracy.
- Democratic centralism
- Democratic dictatorship.
- Economic democracy.
- Grassroots democracy.
- Liberal democracy.
- Jacksonian democracy.
- Jeffersonian democracy.
- Market democracy.
- Non-partisan democracy.
- Parliament democracy.
- Radical democrac

mgyoe.com

mgyoe.com

- Religious democracy.
- Republican democracy.
- Social democracy.
- Sociocracy.
- Soviet democracy.
- Totalitarian democracy.
- Westminister democracy.

Etc...

ဒီမိုကရေစီ စကားလုံးပါသော်လည်း မူရင်းအနှစ်သာရဖြင့် ဆန့်ကျင်သည့် စနစ်တချို့ကို တွေ့နိုင်သည်။ Democratic Dictatorship, Totalitarian Democracy တို့သည် အမှန်တကယ်တွင် ဖြောင့်ဖြောင့်ကြီးဆန့်ကျင်သောစနစ်များဖြစ်သည်။ သို့သော် နိုင်ငံအသီးသီးက မိမိတို့၏အခြေအနေနှင့် လိုက်လျောညီထွေသည်ဟု အုပ်စိုးသောအစိုးရတို့မှခံယူလျက် အသုံးပြုကြသည်။ ဤတွင် သတိထားရမည့် အရေးကြီးသောအချက်မှာ ဗဟိုချုပ်ကိုင်မှု (Centralization) တွင် ဦးဆောင်သူမှ တကယ်တော်၊ တကယ်ထက်မြက်ပါက ထိုတိုင်းပြည် တကယ်တိုးတက်သွားနိုင်သော်လည်း လူတိုင်းသည် 'မဟောသဓာ' မဟုတ်နိုင်သောကြောင့် လူတိုင်း အမှားအနည်းနိုင်ဆုံးသော စနစ်တစ်ခုကို ရွေးချယ်ထားကြခြင်း ဖြစ်သည်။

(၁၉၉၀) စာရင်းဇယားများအရ အိန္ဒိယ၏ GNP မှာ ($ 1.1 trillion) ဖြစ်ပြီး တရုတ်၏ GNP မှာ ($ 1.6 trillion) ဖြစ်သည်။ (၂၀၀၅) တွင် အိန္ဒိယက ($ 3.6 trillion) နှင့် တရုတ်က ($ 9.4 trillion) ကို နှိုင်းယှဉ်လျှင် တိုးတက်မှုနှုန်း လွန်စွာကွာခြားသည်ကို တွေ့နိုင်သည်။ စီးပွားရေးစနစ်နှင့် နိုင်ငံရေးစနစ်တို့သည် အပြန်ပြန်၊ အလှန်လှန် အမှီသဟဲပြုကြသည်။ ဦးဆောင်သူတို့၏ အမြော်အမြင်၊ လိမ္မာပါးနပ်မှုက အရေးကြီးသည်။ အခြေခံအားဖြင့် 'ပညာ' အခြေမခံလျှင် မအောင်မြင်နိုင်သည်ကတော့ သေချာသည်။

ဒီမိုကရေစီဟူသော နိုင်ငံရေးစနစ်တွင် လွတ်လပ်ခြင်း၊ အခြေခံအခွင့်အရေးများ ရရှိခြင်း၊ မျှတသော ပြိုင်ဆိုင်မှုရှိခြင်း၊ အများကို ကိုယ်စားပြုခြင်းများသည် တိုးတက်မှုအတွက် အာဝါသကောင်းများ ဖြစ်သည်။ အနှစ်သာရ အမှန်လည်း ဖြစ်သည်။ ထိုမှ မဖယ်ခွာသင့်။

* * *

mgyoe.com

mgyoe.com


စီးပွားရေးစနစ်များစွာကိုလည်း အတိတ်ကာလတစ်လျှောက် ဖြတ်သန်းခဲ့ကြပြီး ဖြစ်၏။ အနည်းငယ်မိတ်ဆက်စီးပွားရေးစနစ်များမှာ ...

- Capitalist Economy
- Free Market Economy
- Laissez-faire Economy
- Managed Economy
- Planned Economy
- Market Economy
- Mercantile System Economy
- Mixed Economy
- Non-market Economy
- State Capitalism Economy
- State Socialism Economy

စီးပွားရေးစနစ်တွင်လည်း နိုင်ငံရေးစနစ်ကဲ့သို့ အလုံးစုံကောင်းမွန်မှုကို မတွေ့ရနိုင်၊ သို့သော်လည်း Global Trend ဟူသော ကမ္ဘာ့လားရာက ဈေးကွက်နှင့် လိုက်လျောညီထွေဖြစ်သော Market Oriented Economy ဈေးကွက်စီးပွားရေးကို ကျင့်သုံးနေသဖြင့် နိုင်ငံတစ်ခုအနေဖြင့် လွန်ဆန်၍ ရကောင်းသည် မဟုတ်၊ အပြောင်းအလဲတစ်ခုတွင် လိုက်ပါနိုင်ရန်သာ ဖြစ်သည်။ စိန်ခေါ်မှုရှိနေသော အပြောင်းအလဲများတွင် လိုက်ပါရန် သတိပေးစကားတစ်ခု ရှိခဲ့၏။

You learn to change rather than becoming a victim of change. ဤသတိစကားကို အလေးအနက် ထားသင့်သည်။ အပြောင်းအလဲတစ်ခုတွင် အလိုက်သင့် မပါဝင်နိုင်ပါက အပြောင်းအလဲ၏ သားကောင်ဖြစ်မည်ဟု ဆိုလိုသည်။

ဈေးကွက်၏ တောင်းဆိုမှု၊ လိုအပ်မှုကိုဖြည့်ဆည်းရင်း ဖြစ်ပေါ်လာသော စီးပွားရေးတွင် မလိုက်ပါနိုင်ပါလျှင် တိုးတက်မှု မရရှိသာရှိမည် ဖြစ်သည်။ ဈေးကွက်စီးပွားရေးကို ခွဲခြမ်းစိတ်ဖြာလျှင် 'ဈေးကွက်ဒီမိုကရေစီ' ၏ အနှစ်သာရများကို တွေ့ရမည် ဖြစ်သည်။ လွတ်လပ်စွာ ယှဉ်ပြိုင်နိုင်ခွင့်၊ လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့်၊ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် အခြေခံများသည် ဈေးကွက်စီးပွား၏ အနှစ်သာရ ဖြစ်သည်။ နိုင်ငံရေးစနစ်တွင် အများအတွက် ကိုယ်စားပြုရသကဲ့သို့ ဈေးကွက်

mgyoe.com

mgyoe.com


စီးပွားတွင်လည်း သုံးစွဲသူအများကို ကိုယ်စားပြုပါသည်။ ဈေးကွက်စီးပွား၏ ဒီမိုကရေစီလိုက်နာမှုသည် နိုင်ငံရေးစနစ် ဒီမိုကရေစီထက် တစ်စုံတစ်ရာအထိ ပို၍အားကောင်းသည်။ နိုင်ငံရေးစနစ်တွင် ဒီမိုကရေစီအကောင်အထည်ဖော်ရာ၌ တွေ့ရသော အကန့်အသတ်တို့ထက် ဈေးကွက်စီးပွား၌ အကန့်အသတ်တို့ ပို၍ နည်းပါး၏။ နိုင်ငံရေးစနစ်၌ ရွေးချယ်ခံရသူတို့သည် သက်တမ်းတစ်ခုထိ အာမခံချက်ရှိသော်လည်း ဈေးကွက်စီးပွား၌ ကုန်ပစ္စည်းတစ်ခု၏ အမှားအယွင်း အတွက် မည်သည့် သက်တမ်းမျှအထိဟူသော အာမခံချက် ပေးမထားချေ။ John A. Quelch နှင့် Katherine E. Joaz တို့ ပူးတွဲ ရေးသားထားသော Greater Good ဟူသောစာအုပ်တွင် ဒီမိုကရေစီကို ပြည့်ဝစွာလိုက်နာသော ဈေးကွက်စီးပွား ရေးအကြောင်း အတော် စုံစုံလင်လင် ဖတ်လိုက်ရသည်။ ဒီမိုကရေစီနိုင်ငံရေးနှင့် ဈေးကွက်ဒီမိုကရေစီတို့၏ အခြေခံရပ်တည်ချက်များကို အတွင်းကျကျ နှိုင်းယှဉ် ပေးထား၏။

ကောင်းသော ဆောင်ရွက်မှု၊ မှားယွင်းသော ဆောင်ရွက်မှုများအပေါ် လူမှုအဖွဲ့အစည်းများ၏ တုံ့ပြန်မှု၊ ထိုမှ အကျိုးသက်ရောက်မှုများကိုလည်း ထုတ်ကုန်ပစ္စည်းများ၏အမည်နှင့်ယှဉ်ကာ သာဓကများဖြင့် ဖော်ပြပေးသည်။ ဈေးကွက်စီးပွား၏ ကောင်းကျိုးများနှင့်အတူ တွေ့ရတတ်သောပြဿနာများကိုလည်း လေ့လာနိုင်သည်။ မျက်မှောက်ခေတ် လူတို့၏ အသိတိုးတက်လာသည်နှင့်အမျှ နိုင်ငံရေးစနစ်တစ်ခုအပေါ် အတုံ့အပြန်များ ပို၍ရှိလာသည်။ ဈေးကွက်စီးပွား ရေးတွင်လည်း ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုတစ်ခုအပေါ် အသိတိုးတက်လာသော စားသုံးသူတို့၏တုံ့ပြန်မှုမှာ ပို၍ ထက်မြက်စူးရှလာပါ၏။ လူလူချင်း တန်းတူရည်တူရှိသောဝါဒ (Egalitarianism) သည် ဈေးကွက်စီးပွားရေးတွင် ပို၍ ထင်ရှား၏။ ကုန်တိုက်တစ်ခုအတွင်း ကုန်ပစ္စည်းတစ်ခု၏ တန်ဖိုးကို ပေးချေနိုင်လျှင် သူဌေးကိုရော၊ ဆင်းရဲသားကိုရော ရောင်းသူက ညီမျှစွာ ဆက်ဆံရသည်။

ဒီမိုကရေစီ နိုင်ငံရေးစနစ်တွင်ရှိသော အခွင့်အလမ်း သာတူညီမျှရှိခြင်း (Equality of Opportunity) နှင့် အခြေအနေသာတူညီမျှရှိခြင်း (Equality of Condition) တို့သည် ဈေးကွက်စီးပွားရေး၌ ပို၍ပီပြင်စွာ တွေ့ရပါသည်။ Joseph Schumpeter ဟူသော ဘောဂဗေဒပညာရှင်ကြီးက ဈေးကွက်စီးပွားရေး တွင် တွေ့ရသော ဒီမိုကရေစီအနှစ်သာရများသည် နိုင်ငံရေးတွင် တွေ့ရသော ဒီမိုကရေစီအနှစ်သာရများထက် ပို၍ရင့်ကျက်စွာ တွေ့ရသည်ဟု မှတ်ချက်ပေးသည်။ နိုင်ငံရေးတွင် ရွေးချယ်ခံရသူတို့ကို မဲပေးပြီးပါက သက်တမ်းတစ်ခုအတွင်း

mgyoe.com

ဝင်ရောက်စွက်ဖက်ခွင့် မရှိတော့သော်လည်း ဈေးကွက်စီးပွားရေးတွင်မူ အချိန်မရွေး စောဒကတတက်နိုင်သည်ဟု ထောက်ပြထား၏။ ဒီမိုကရေစီကို ဈေးကွက်တစ်ခု အဖြစ် ရှုမြင်သုံးသပ်ခြင်းသည် လက်ငင်းဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေကို ခွဲခြမ်းစိတ်ဖြာဝေဖန်ရာ၌ ကောင်းစွာ အထောက်အကူဖြစ်စေသည်ဟု ဆိုသည်။

နိုင်ငံရေးဒီမိုကရေစီတွင် ပြည်သူတို့၏အကျိုးကို ကြည့်ရသကဲ့သို့ ဈေးကွက်စီးပွားရေးတွင်လည်း စားသုံးသူတို့၏အကျိုးကို ရှေ့တန်းတင်ရပါသည်။ ဈေးကွက်စီးပွားရေး၌ လွတ်လပ်ပြီး တရားမျှတမှုရှိသော ရောင်းဝယ်ဖောက်ကားခြင်း (Fair Trade)၊ ပစ္စည်းလဲလှယ်ခြင်း (Exchange)၊ ဈေးနှုန်းကမ်းလှမ်းချက်များကို ရွေးချယ်ခြင်းနှင့် ထိန်းချုပ်ခြင်း (Choice & Control)၊ ဈေးကွက်ဖော်ဆောင်ရာ၌ပါဝင်ခြင်း (Engagement)၊ သတင်းအချက် (Information)၊ အားလုံး ပါဝင်မှုရှိခြင်း (Inclusion)၊ စားသုံးခြင်း (Consumption) စသော အခြေအနေများ တစ်ခုချင်းသည် နိုင်ငံရေးစနစ်ထက် ပို၍လွတ်လပ်ပြီး မျှတသော သဘောရှိကြောင်း တွေ့ရသည်။

နိုင်ငံရေးဒီမိုကရေစီတွင် အုပ်ချုပ်သူနှင့် ပြည်သူများ မည်သူအဓိကကျသည်ကို ခွဲခြားပေးထားသလို ဈေးကွက်တွင်လည်း စားသုံးသူများသည် အဖြည့်ခံလား? လွတ်လပ်စွာ ဝယ်ယူကြသူများလား? ဟူသည်ကို ပို၍ပီပြင်စွာ စည်းခြားပေးထားပါသည်။ သုံးစွဲသူများ၏ သြဇာပါဝါနှင့် ရောင်းချသူတို့၏ သြဇာပါဝါကိုလည်း နှိုင်းယှဉ်နိုင်သည်။ ဈေးကွက်အတွင်း ရောင်းသူနှင့်ဝယ်သူ၊ ပေးသည့် ကုန်ပစ္စည်းနှင့် ဝယ်ယူသောငွေကြေးတို့၏ နှစ်ဖက်မျှတမှု (Dual Entitlement) သည် နိုင်ငံရေးစနစ်ထက် သာလွန်သည်။

ဈေးကွက်အတွင်း 'ယုံကြည်မှု' သည် နိုင်ငံရေးမှာထက် ပို၍အားကောင်းသည်ကို တွေ့ရသည်။ Ralph Waldo Emerson ၏မှတ်ချက်က ဈေးကွက်၏ ဒီမိုကရေစီယဉ်ကျေးမှုကို တစ်စုံတစ်ရာ အတိုင်းအတာအထိ အထောက်အပံ့ဖြစ်စေသည်။

"Trust men, and they will be true to you; treat them greatly, and they will show themselves great, though they make an exception in your favour to all the rules of trade"

လူတွေအပေါ် ယုံကြည်မှုစိတ်ထားလျှင် မှန်ကန်သောတုံ့ပြန်မှုကို ပြန်လည်ရရှိနိုင်မည်။ လူများကို ကြီးကျယ်စွာ ဆက်ဆံခြင်းဖြင့် စည်းမျဉ်း၊ စည်းကမ်းများကို သူတို့က လျော့ပေါ့စေမည်ဟူ၍ ဆိုလိုပါသည်။ တုံ့ပြန်မှုကို ဖော်ကျူးခြင်း ဖြစ်

mgyoe.com

mgyoe.com

သည်။ ဈေးကွက်၏တုံ့ပြန်မှုက နိုင်ငံရေးတုံ့ပြန်မှုထက် မြန်ဆန်သည်ကို တွေ့နိုင်ပါသည်။ Smith & Quelch ကုမ္ပဏီကြီးက ထုတ်လုပ်သူများအနေဖြင့် ကိုယ်ကျင့် တရားကောင်းမွန်မှုမှရရှိလာသော အကျိုးရလဒ်များကို ကောင်းစွာ လေ့လာခဲ့သည်။ John Locke က နိုင်ငံရေးသီအိုရီကိုအခြေပြု၍ ဈေးကွက်စီးပွားရေးကို လေ့လာခဲ့သည်။ အစိုးရအာဏာပိုင်အဖွဲ့အစည်းများ တရားဝင်ရပ်တည်နိုင်ခြင်းမှာ ပြည်သူတို့၏ သဘောတူညီမှုကို ရရှိ၍ဖြစ်ကြောင်း၊ အစိုးရနှင့် ပြည်သူ တစ်ဦးအပေါ်တစ်ဦး တာဝန်သိစိတ်ဖြင့် အပြန်ပြန်အလှန်လှန် ရိုင်းပင်းကူညီသင့်ကြောင်း ထောက်ပြခဲ့သည်။ ဈေးကွက်စီးပွားရေးတွင်လည်း ဝယ်ယူသူနှင့်ထုတ်လုပ်သူများ အပြန်ပြန်အလှန်လှန်နားလည်မှု၊ တာဝန်သိတတ်မှုက အခြေခံကျကျတွင် တည်ရှိနေကြောင်း ဆိုခဲ့ပါသည်။

ဈေးကွက်စီးပွားရေးတွင် လူမှုဝတ္တရား (Social Obligation) ကို အတော်အလေးထားသည်။ 'Do no harm" "သူတစ်ပါးကို မထိခိုက်စေနှင့်" ဟူသော ဆောင်ပုဒ်ကို လိုက်နာကြသည်။ ဤဖြစ်ရပ်အတွက် သက်သေတစ်ခုမှာ (၂၀၀၈) အတွင်း တရုတ်မှထုတ်လုပ်သော လူကို အဆိပ်သင့်စေသည့် 'နို့မှုန့်' များ ပြန်လည်ရုပ်သိမ်းမှု၊ ထုတ်လုပ်သူကို တရားဥပဒေအရ အရေးယူမှုတို့က ဈေးကွက်၏ ဒီမိုကရေစီကို မည်မျှလိုက်နာကြကြောင်း သက်သေပြရာရောက်ပါသည်။

Aristotle က နိုင်ငံရေးနှင့် ဈေးကွက်၏သဘောတရားတချို့ကို ရေးသားခဲ့ဖူးသည်။ "စစ်မှန်သော အစိုးရများသည် ပြည်သူတို့၏ ဘုံအကျိုးစီးပွားကို ရှေးရှုပြီး အုပ်ချုပ်သည့်အစိုးရများ ဖြစ်သည်။ သို့သော်လည်း ပုဂ္ဂလိကတို့၏ အကျိုးစီးပွားကိုကြည့်ပြီး အုပ်ချုပ်သည့်အစိုးရသည် လမ်းမှန်မှ လမ်းမှားသို့ ရောက်သွားသော အစိုးရမျိုး ဖြစ်သည်"

အများအကျိုးသည် ပဓာနဟုဆိုလိုရင်း ဖြစ်သည်။ တစ်ဦး၊ တစ်ယောက်၊ တစ်ခု၏အကျိုးအတွက် မဟုတ်ချေ။ ဈေးကွက်စီးပွားသည်လည်း စားသုံးသည့် လူထုတစ်ရပ်လုံး၏ အကျိုးအတွက်သာ အခြေခံရပါသည်။ တိုးတက်ပြီးသော နိုင်ငံများတွင် ဒီမိုကရေစီနှင့်ဈေးကွက်သည် ခွဲခြားမရသောအရာ ဖြစ်မှန်းမသိ ဖြစ်လာသည်။ အမေရိကန်သမ္မတကြီး Franklin D. Roosevelt က ...

"အကယ်၍ လူသားတို့သည် သာတူညီမျှ မဲပေးခွင့်ရှိပါက ဈေးကွက်၌လည်း သာတူညီမျှ အကောင်းအဆိုးတို့ကို ခံစားနိုင်ခွင့် ရှိရမည်" ဟု နိုင်ငံရေးနှင့် စီးပွားရေးစနစ်တို့ကို နှိုင်းယှဉ်ခဲ့ဖူးသည်။

ယနေ့ မျက်မှောက်ခေတ် ဈေးကွက်စီးပွားရေး၏ပုံရိပ်ကို လွန်ခဲ့သောနှစ်

mgyoe.com

mgyoe.com


ရာကျော်ကပင် Adam Smith က Wealth of Nations ၌ ရေးသားခဲ့ပြီးဖြစ်၏။ 'လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်' ၏သီအိုရီကို ဖော်ကျူးထားသည်။ Smith ၏ ဤအယူအဆက ကမ္ဘာပေါ် အတော်ဩဇာကြီးမားခဲ့ပြီး ယခုအခါ သူ၏အယူအဆအတိုင်း ဈေးကွက် စီးပွားရေး ပို၍ပီပြင်လာခဲ့ပါသည်။ Smith ၏ အယူအဆအရ၊ အကောင်းဆုံး စီးပွားရေးပုံစံရရှိရန်အတွက် ကုမ္ပဏီများသည် သူတို့ရွေးချယ်လိုက်သောပစ္စည်းကို လွတ်လပ်စွာ ထုတ်လုပ်နိုင်ခွင့်၊ ရောင်းချနိုင်ခွင့်၊ ကုန်အမှတ်တံဆိပ် သတ်မှတ်နိုင်ခွင့်၊ ကြော်ငြာနိုင်ခွင့်များ ရှိရမည့်အပြင် ဈေးနှုန်းကိုလည်း သတ်မှတ်နိုင်ရမည်ဟု ဆိုသည်။ မမြင်ရသောလက် (Invisible hand) ဖြစ်သည့် ဈေးကွက်ယန္တရားကြီးက သုံးစွဲသူတို့ကို ရွေးချယ်နိုင်ခွင့်ပေးသော ကုမ္ပဏီများသည် ဆက်လက်ရှင်သန် ကြီးထွားခွင့်ရှိလာပြီး သုံးစွဲသူတို့အတွက် တန်ဖိုးမထားသည့်ပစ္စည်းများကို ထုတ်လုပ်ရောင်းချသူများသည် အပြစ်ဒဏ်ခတ်ခြင်းခံရပြီး ဆုံးရှုံးမှုနှင့် ကြုံရမည်ဟူသော အယူအဆ ဖြစ်သည်။ ဈေးကွက်ဒီမိုကရေစီ၏ သဘောသဘာဝနှင့် တုံ့ပြန်မှု၏ ရလဒ်ဖြစ်သည်။

## စိန်ခေါ်မှုနှင့် အခွင့်အလမ်း

နေရာတိုင်း၊ အချိန်တိုင်းတွင် စိန်ခေါ်မှုနှင့် အခွင့်အလမ်းသည် အတူတွဲလျက် ရှိတတ်၏။ အပြောင်းအလဲ ပို၍မြန်လာသော ယနေ့ကမ္ဘာတွင် ပို၍ခပ်စိပ်စိပ် အတွေ့များလာသည်။ အနာဂတ်မြန်မာနိုင်ငံတော်ကို ပုံဖော်မည့် (၂၀၁၀) ရွေးကောက်ပွဲတွင်လည်း စိန်ခေါ်မှုနှင့် အခွင့်အလမ်းများ တွဲလျက်ရှိနေမည်ဖြစ်သည်။ မှန်ကန်စွာ သုံးသပ်နိုင်မှု၊ လက်တွေ့သဘာဝကျကျ ဆောင်ရွက်နိုင်မှုတို့ အရေးကြီးလာသည်။ စပ်ကူးမတ်ကူးကာလ၊ အကူးအပြောင်းကာလဖြစ်၍ ပါတီများ အရောရော အထွေးထွေးရှိနေမည်လည်း ဖြစ်၏။ ပုဂ္ဂလိကစွဲ၊ ပါတီစွဲ အခွင့်အရေးသမားများလည်း ပါဝင်လာနိုင်သလို ကိုယ့်လူမျိုး၊ ကိုယ့်တိုင်းပြည်အတွက် စွန့်လွှတ်စွန့်စားပေးဆပ်ကြမည့်သူများလည်း ပါဝင်နိုင်သည်။

နိုင်ငံတိုင်း၏ ရွေးကောက်ပွဲတိုင်းသည် ရွေးကောက်ခံပြည်သူများနှင့် မဲပေးကြမည့် ပြည်သူများကြား ယုံကြည်မှုကို အကောင်အထည်ဖော် အသိအမှတ်ပြုခြင်းတစ်ရပ်သာ ဖြစ်သည်။ ရင့်ကျက်၊ တည်ငြိမ်သောကာလ မဟုတ်သေး၍ ဤအသွင်ပြောင်းကာလတွင် အခက်အခဲများ ရှိနိုင်သည်။

အစမကောင်းလျှင် အနှောင်းသေချာရန် မလွယ်ချေ။ ဤအသွင်ပြောင်းကာလတွင် အစကောင်းရန် အရေးကြီးသည်။ ရွေးကောက်ပွဲသည် အသွင်ကူး

mgyoe.com

mgyoe.com


ပြောင်းမှုတစ်ခု၏ Process တစ်ခုသာ ဖြစ်၏။ ရွေးကောက်ခံရကြမည့်သူများသည် အနာဂတ်နိုင်ငံတော်ကို မည်သို့ပုံဖော်မည်ဆိုသည့်အချက်က Mission ဟူသော ရည်မှန်းချက်ဖြစ်သည်။ ရွေးကောက်ခံကြမည့်သူများ၊ ပါတီများ၏ အနာဂတ်အမြင် Vision မည်မျှ ထက်သန်ခြင်းသည် သူတို့၏ Mission ကို ပုံဖော်ပေးမည် ဖြစ်သည်။ ဤတွင် ပညာ၊ အတွေ့အကြုံ၊ အယူအဆရေးရာတို့ ပါဝင်လာ၏။ နိုင်ငံသားတို့၏ Human Resource Development ဟူသော လူသားအရင်းအမြစ်တိုးတက်ရေးသည် အနာဂတ် ကမ္ဘာ့အလယ် အယှဉ်အပြိုင်တွင် တစ်ခုတည်းသော နည်းလမ်းဖြစ်သည်။ ပညာသည် အခြေခံဖြစ်၏။ ပညာမှ အမြစ်အလက်တို့သာ ခွဲထွက်သင့်သည်။ ရွေးကောက်ပွဲဝင်ကြမည့်သူများတွင် ပညာကို ယုံကြည်သူ၊ ပညာကို အသုံးချမည့်သူများ အင်အားကောင်းရန် လိုအပ်ပြီး အသိအမှတ်ပြုကြမည့်သူများ (မဲပေးကြမည့်သူများ) ကလည်း အများ ကောင်းစားရေးအတွက် မည်သူက အမှန်တကယ် ကိုယ်စားပြုနိုင်မည်ကို အသေအချာ စဉ်းစားဆုံးဖြတ်နိုင်ရန် ဖြစ်သည်။

၀

mgyoe.com

mgyoe.com

# သိမ်မွေ့စွာပူးပေါင်းခြင်း

23rd July 2009

ဇင်ဘာဘွေနိုင်ငံရေးဟာ အတော်စိတ်ဝင်စားစရာ ကောင်းပါတယ်။ အာဖရိကတိုက်ထဲက နိုင်ငံငယ်လေးတစ်ခုဖြစ်ပေမဲ့ နိုင်ငံရေးမုန်တိုင်းတစ်ခုကို ဖြတ်သန်းကြပုံက တခြားနိုင်ငံတွေရဲ့အာရုံကို ဖမ်းစားနေပါတယ်။ အာဏာလက်ရှိက မူဂါဘီ (Mugabe)၊ အတိုက်အခံက မော်ဂန်ရှန်ဂရိုင်း (Morgan Tsvangirai)။ ရွေးကောက်ပွဲပြီးတော့ အာဏာရပါတီကပဲနိုင်ပြီး အတိုက်အခံက ရှုံးတယ်ဆိုတဲ့အဖြေ ထွက်လာပါတယ်။ အတိုက်အခံဘက်ကလည်း မဲလိမ်မှုတွေ အများအပြား ရှိနေတယ်ဆိုပြီး အကြီးအကျယ် ကန့်ကွက်ခဲ့တယ်။ ဒီမိုကရေစီ အပြည့်အဝရရှိပြီး၊ ရင့်ကျက်နိုင်ငံတချို့ကလွဲရင် ရွေးကောက်ပွဲမှာ အဲသလို မဲရေတွက်မှုဆိုင်ရာ ပြဿနာတကတ်တတ်ကြတာဟာ အစဉ်အလာတစ်ရပ်လို ဖြစ်နေပါတယ်။

အတိုက်အခံကို အာဏာရပါတီက ဖမ်းလို့ သံရုံးတစ်ရုံးကို ထွက်ပြေးခဲ့ရပါသေးတယ်။ နောက်ဆုံး အာဏာရပါတီနဲ့ အတိုက်အခံခေါင်းဆောင်နှစ်ဦး နိုင်ငံရဲ့ အုပ်ချုပ်ရေးအာဏာ (Executive Power) ကို ခွဲဝေပြီး သိမ်မွေ့စွာ အတူပူးပေါင်း ဆောင်ရွက်နိုင်ခဲ့တယ်။ မူဂါဘီက သမ္မတတာဝန်နဲ့ အတိုက်အခံခေါင်းဆောင် ရှန်ဂရိုင်းက ဝန်ကြီးချုပ် ဖြစ်လာကြတယ်။ အတိုက်အခံကို အင်တာဗျူးတစ်ခု လုပ်ခဲ့တယ်။ ပြင်းထန်ခက်ခဲတဲ့ မေးခွန်းတွေကို အတိုက်အခံက ဖြေသွားတာဟာ အတော်ညက်ညက်ညောညောရှိတာ တွေ့နိုင်ပါတယ်။ စတင် ရပ်လုံးဖော်နေပြီ

mgyoe.com

mgyoe.com

ဖြစ်တဲ့ မြန်မာ့နိုင်ငံရေးအနာဂတ် ဘယ်လိုရှိမလဲ မသိရသေးပေမဲ့ အသွင်ကူးပြောင်း ကာလမှာ အခက်အခဲ အနည်းအများကိုတော့ တွေ့ရမှာ မလွဲကေန် ဖြစ်ပါတယ်။ ရှန်ဂရိုင်းလို အတိုက်အခံတွေလည်း ပေါ်ထွက်လာနိုင်ပါတယ်။ စိန်ခေါ်မှုတွေကို တော့ အနည်းအများ ရင်ဆိုင်ရမှာဖြစ်တယ်။ နိုင်ငံရေးဆိုင်ရာ ရှုထောင့်အမျိုးမျိုး ကို တော်တော်လေး ရေးခွင့်ပြုလာတာဟာ တိုးတက်မှုတစ်ရပ်ဖြစ်ပါတယ်။ တစ်ထောင့်တစ်ကွေ့က အတွေးအခေါ်တစ်ခုကို ရကောင်းနိုင်ရဲ့။

* * *

Newsweek ပါ ကောက်နုတ်ချက်မှာ ...

Morgan Tsvangirai မော်ဂန်ရှန်ဂရိုင်း၏ တာဝန်မှာ ဇင်ဘာဘွေနိုင်ငံကို ကယ်တင်ရန် ဖြစ်သည်။ သူသည် ဇင်ဘာဘွေနိုင်ငံ၏ အင်အားကြီး အတိုက်အခံ ပါတီဖြစ်သော ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုအဖွဲ့ (Movement for Democratic Change – MDC) ၏ သက်တမ်းအရှည်ဆုံးခေါင်းဆောင် ဖြစ်၏။ သူသည် အသွင်ကူးပြောင်းရေး ကာလအတွင်း၊ အစိုးရတွင် ဝန်ကြီးချုပ် တာဝန်ယူထားပြီး ယခင်သမ္မတ Robert Mugabe နှင့် အာဏာကို မျှဝေ သုံးစွဲနေ သူလည်း ဖြစ်သည်။ ရှန်ဂရိုင်းနှင့် Newsweek သတင်းထောက် Christopher Werth တို့ လန်ဒန်၌တွေ့ဆုံစဉ်က အမေးအဖြေကို ကောက်နုတ်ဖော်ပြလိုက်ခြင်း ဖြစ်သည်။

မေး။ ။ ဘာကြောင့် ဇင်ဘာဘွေနိုင်ငံအနေနဲ့ ဒေါ်လာ (၈) ဘီလီယံ လိုအပ် ပါသလဲ ?

ဖြေ။ ။ အဲဒီငွေတွေဟာ စားနပ်ရိက္ခာအတွက်သာမက ပညာရေး၊ ကျန်းမာရေးနဲ့ စိုက်ပျိုးရေးလုပ်ငန်းများ ပြန်လည် ဖွံ့ဖြိုးလာရန်အတွက် ဖြစ်ပါတယ်။ ဒါမှသာ လယ်သမားများအတွက် ကိုယ်ပိုင်စားနပ်ရိက္ခာ ဖူလုံမှာပါ။ ဇင်ဘာဘွေအစိုးရအနေနဲ့ အမှန်တကယ် ပြုပြင်ပြောင်းလဲမှုများ ပြုလုပ် ရန်အတွက် လက်တွေ့ဆောင်ရွက်ရာမှာ အရေးကြီးဆုံး အဓိကအချက် ဖြစ်ပါတယ်။

မေး။ ။ အနောက်နိုင်ငံအစိုးရများက Mugabe အာဏာကို ထိန်းချုပ်ထားဆဲ ဖြစ်တယ်လို့ ယုံကြည်နေခြင်းအပေါ် ထင်မြင်ချက်ပေးစေလိုပါတယ်။

mgyoe.com

mgyoe.com


ဖြေ။ ။ အနောက်နိုင်ငံအစိုးရများဟာ အရင်သဘောတူညီချက်တွေကို အကောင်အထည်ဖော် ဆောင်ရွက်နေတာ မြင်တွေ့လိုကြတယ်။ အဲဒီကိစ္စနဲ့ ပတ်သက်ပြီး အငြင်းပွားဖွယ်ရာမရှိပေမဲ့လည်း ကျွန်တော်သွားတဲ့ နေရာတိုင်းမှာ လူတွေက ဇင်ဘာဘွေလူမျိုးများကို အကူအညီပေးလိုကြပါတယ်။ သူတို့ဟာ ဇင်ဘာဘွေနိုင်ငံ စီးပွားရေး ပြန်လည် တိုးတက်ဖွံ့ဖြိုးလာတာကို လိုလားနေကြသူများလည်း ဖြစ်ပါတယ်။

မေး။ ။ ပိတ်ဆို့ထားမှုတွေကိုရော ဖယ်ရှားပေးနိုင်လိမ့်မယ်လို့ ထင်ပါသလား?

ဖြေ။ ။ နိုင်ငံ့အခြေအနေတိုးတက်မှုတွေ၊ ရည်မှန်းချက်တွေနဲ့ ကဏ္ဍအလိုက် ထောက်ခံမှုတွေရရှိရေးဟာ ကျွန်တော်တို့ရဲ့ ပြောဆိုနေမှုများနဲ့ မလုံလောက်ဘဲ လက်တွေ့လုပ်ပြရန်ဟာ အရေးကြီးဆုံး ဖြစ်ပါတယ်။ ခြုံငုံပြောရရင်လူတွေရဲ့လွတ်လပ်ခွင့်ကို ငွေနဲ့ လဲယူလို့မရနိုင်ခြင်းကို ဆိုလိုခြင်း ဖြစ်ပါတယ်။

မေး။ ။ ခင်ဗျား မူဂါဘီနဲ့အတူ တနင်္လာနေ့တိုင်း တွေ့ဆုံဆွေးနွေးတာတွေ၊ သူနဲ့ ထိပ်တိုက် ရင်ဆိုင်တိုက်ခိုက်မှု မရှိတာတွေ ပြောခဲ့ပါတယ်။ ဒါပေမဲ့ ခင်ဗျားကို ဒဏ်ရာအနာတရဖြစ်အောင် လုပ်ခဲ့သူတွေနဲ့ လက်တွဲ လုပ်ကိုင်နိုင်ပါ့မလား?

ဖြေ။ ။ ကျွန်တော်တို့နှစ်ဦး အလုပ်တွေကို ပူးပေါင်းဆောင်ရွက်ရာမှာ အလုပ်သဘောမျိုး ဆက်ဆံမှုတော့ ရှိပါတယ်။ ပုဂ္ဂိုလ်ရေးအရက အယူအဆတွေ မတူညီပေမဲ့ တစ်ဦးနဲ့တစ်ဦး လေးစားမှုတွေ ရှိပါတယ်။ ကျွန်တော်တို့နှစ်ဦး ပူးပေါင်းပြီး အခက်အခဲတွေကို ကျော်လွှားနိုင်လိမ့်မယ်လို့ သဘောတူ လက်ခံထားပါတယ်။

မေး။ ။ မူဂါဘီရဲ့ မဟာမိတ်တွေနဲ့ အစိုးရကထိန်းချုပ်ထားတဲ့ သတင်းမီဒီယာတွေက ခင်ဗျားကို ဆက်လက်တိုက်ခိုက်နေတာနဲ့ ပတ်သက်လို့ရော ဘယ်လိုယူဆပါသလဲ?

ဖြေ။ ။ ကျွန်တော်တို့နှစ်ဦးလုံးဟာ အစိုးရအဖွဲ့ဝင်များဖြစ်ကြပြီး မိမိတို့ နှစ်ဦးကြား အတိုက်အခံဆိုတဲ့စကားရပ် မရှိကြတော့ပါ။ အစိုးရမီဒီယာများအနေနဲ့ ကျွန်တော်ဟာ ဝန်ကြီးချုပ်တစ်ဦးဖြစ်ပြီး Mugabe နဲ့အခြား

mgyoe.com

mgyoe.com


ဝန်ကြီးများလိုပဲ လုပ်ပိုင်ခွင့်များရှိတာကို သတိပြုရန် လိုအပ်ပါတယ်။ အဲဒီအကြောင်းကိုလည်း သဘောတူညီမှုစာချုပ်မှာ ဖော်ပြထားပါတယ်။

မေး။ ။ ခင်ဗျားကို ထောက်ခံသူတွေက ခင်ဗျားဟာ မူဂါဘီ စိတ်ကျေနပ်စေဖို့ ဆောင်ရွက်နေတယ်လို့ ပြောဆိုနေတာ အတွက်ရော ဘာပြောချင်ပါသလဲ?

ဖြေ။ ။ ကျွန်တော့်အနေနဲ့ ဘယ်အခါကမှ မူဂါဘီနဲ့ ထိပ်တိုက်တွေ့တာတွေ၊ လိုက်လျောတာတွေ လုပ်နေတယ်လို့ ထင်မှတ်မထားပါဘူး။ ကျွန်တော့်ကို ခေါင်းတည်နေတာဟာ မူဂါဘီကို လူထုက သတ်ဖြတ်လိုစိတ် ရှိနေလို့ ဖြစ်ပါတယ်။ ကျွန်တော့်အတွက်တော့ အကြောင်းမဟုတ်ပါဘူး။ ကျွန်တော်က မူဂါဘီရဲ့ အတိတ်ကာလက ဆောင်ရွက်ခဲ့ပုံတွေကို ကာကွယ်ပေးနေတာလည်း မဟုတ်ပါ။ ကျွန်တော်နဲ့သူဟာ အတူလက်တွဲလုပ်ကိုင်ဖို့ သဘောတူညီမှုအတိုင်း ဆောင်ရွက်နေခြင်းသာ ဖြစ်ပါတယ်။

မေး။ ။ MDC ထောက်ခံသူတွေ အကြမ်းဖက်တိုက်ခိုက်မှု ခံနေရပါသလား?

ဖြေ။ ။ နိုင်ငံရေးအကြမ်းဖက် တိုက်ခိုက်ခံရမှုတွေ သိသိသာသာ လျော့နည်းသွားတာကို မြင်တွေ့နေရပြီး၊ အဲဒီကိစ္စနဲ့ ပတ်သက်လို့ မျှော်မှန်းထားတာထက် ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

မေး။ ။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (International Amnesty) က ဇင်ဘာဘွေမှာ လူ့အခွင့်အရေး ချိုးဖောက်မှုတွေ ရှိနေသေးတာ ပြောဆိုနေကြဆဲ ဖြစ်ပါတယ်။ MDC က လူ့အခွင့်အရေး ချိုးဖောက်နေတာတွေကို မသိကျိုးကျွံပြုနေပါသလား?

ဖြေ။ ။ ကျွန်တော်တို့ဟာ ဘယ်အရာကိုမှ မသိကျိုးကျွံ ပြုမနေကြပါ။ ဒါပေမဲ့ ကျွန်တော် ဇင်ဘာဘွေနိုင်ငံအကြောင်း မကောင်းပြောဆိုနေတာကို အစိုးရအဖွဲ့ဝင်မဟုတ်တဲ့တိုင် ရှေ့တန်းက ဆန့်ကျင်တိုက်ခိုက်သွားမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ သမိုင်းစာမျက်နှာသစ် ဖွင့်လှစ်ပြီးဖြစ်လို့ ဥပဒေတွေကို လိုက်နာဖို့လည်း တာဝန်ရှိပါတယ်။ ဒါဟာ ကျွန်တော်ရဲ့ လက်ရှိအခြေအနေ ဖြစ်ပါတယ်။

mgyoe.com

mgyoe.com


မေး။ ။ ခင်ဗျားမှာ လုပ်ပိုင်ခွင့် ဘယ်လောက်ရှိပါသလဲ၊ ဒါမှမဟုတ် အမျိုးသား ရင်ကြားစေ့ရေးအစိုးရအဖွဲ့က နုတ်ထွက်မှာလား?

ဖြေ။ ။ အစိုးရအဖွဲ့က နုတ်ထွက်မှာမဟုတ်ပါဘူး။ ကျွန်တော် ပါဝါမရှိတာ လည်း မဟုတ်ပါဘူး။ ဒါပေမဲ့ အစိုးရအဖွဲ့ဝင် တစ်ဦးအနေနဲ့ ဆုံးဖြတ် နိုင်တဲ့ အခွင့်အာဏာရှိသလို အစိုးရရဲ့ ဆုံးဖြတ်ချက်တွေကိုလည်း အကောင်အထည်ဖော်ပေးဖို့ တာဝန်ရှိပါတယ်။ ဘယ်သူ တစ်ဦးတစ် ယောက်ကမှ ဇင်ဘာဘွေကို မတရား စွပ်စွဲပြောနိုင်ခွင့်မရှိကြောင်း ပြော ကြားလိုပါတယ်။

မေး။ ။ မူဂါဘီဟာ လုံခြုံရေးတပ်ဖွဲ့တွေ၊ ရဲတွေနဲ့ သတင်းမီဒီယာတွေကို ဆက် လက်ချုပ်ကိုင်ထားဆဲ မဟုတ်ဘူးလား?

ဖြေ။ ။ မူဂါဘီက အဲဒီအဖွဲ့အစည်းတွေကို ထိန်းချုပ်ထားခြင်းမရှိကြောင်း ပြော ကြားလိုပါတယ်။ ယှဉ်ပြိုင်အစိုးရမျိုးလည်းမရှိပါဘူး။ ကျွန်တော့်တာဝန် က မူဝါဒရေးဆွဲရေးနဲ့ အကောင်အထည်ဖော်ရေးအပြင် အစိုးရအဖွဲ့ဝင် တွေကိုလည်း ကွပ်ကဲကြီးကြပ်ဖို့ ဖြစ်ပါတယ်။ မူဂါဘီဟာ ဇင်ဘာဘွေ နိုင်ငံရဲ့ ခေါင်းဆောင်ဖြစ်ပြီး ဒီအချက်ကပဲ အမျိုးသားညီညွတ်ရေး အစိုးရရဲ့ သမိုင်းပေးတာဝန် ဖြစ်ပါတယ်။

မေး။ ။ အသွင်ပြောင်းကာလအစိုးရအဖွဲ့ရဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းကို ကောင်းကောင်း မတွေ့မြင်နိုင်သေးဘူးဆိုရင် မှန်ပါသလား?

ဖြေ။ ။ အသွင်ကူးပြောင်းရေးကာလကို ရောက်ရှိနေပြီ ဖြစ်ပါတယ်။ တကယ်လို့ မရောက်ခဲ့ဘူးဆိုရင် ကျွန်တော်တို့ရဲ့ အပြုသဘောဆောင်တဲ့ လုပ်ရပ် တွေ ထွက်ပေါ်လာမှာမဟုတ်ပါဘူး။ ဇင်ဘာဘွေလူမျိုးတွေက ကျွန် တော်တို့ကို ကယ်တင်ရှင်များအဖြစ် မြင်နေကြပါတယ်။ ကျောင်းတွေ၊ ဆေးရုံတွေကိုလည်း ဖွင့်လှစ်ပေးနိုင်ပြီး ကုန်ဈေးနှုန်း ကြီးမြင့်နေမှုကို လည်း လျှော့ချနိုင်ပြီးပါပြီ။ ဇင်ဘာဘွေပြည်သူတွေအတွက် လိုအပ်တဲ့ အခြေခံစားကုန် အမျိုးမျိုးကို ဆိုင်တွေမှာ လွတ်လပ်စွာ ဝယ်ယူနိုင်ပြီ လည်း ဖြစ်ပါတယ်။ ဒါကြောင့် ဇင်ဘာဘွေနိုင်ငံဟာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်မှုရရှိနေပြီ ဖြစ်ပါတယ်။

* * *

mgyoe.com

mgyoe.com

အမေးအဖြေကို လေ့လာတဲ့အခါမှာ တချို့မေးခွန်းတွေက သိပ်မထူးခြားပေမဲ့ တချို့မေးခွန်းတွေက တော်တော်လေး အကျပ်တွေ့စေတဲ့ မေးခွန်းတွေပါ။ အမေး နွားကျောင်းသား၊ အဖြေ ဘုရားလောင်းအနေနဲ့ ရှန်ဂရိုင်းက ဖြေသွားနိုင်ပါတယ်။ တချို့မေးခွန်းတွေကျတော့ ဂုဏ်သိက္ခာထိပါးစေတဲ့သဘော သက်ရောက်သွားပြီး တော်တော်တန်တန် Emotion ဖြစ်တဲ့သူဆိုရင် အဖြေ 'ခလုတ်' တိုက်နိုင်ပါတယ်။ အဖြေတစ်ခု အစွန်းထွက်သွားတာနဲ့ ဖင်ဘာဆွေရဲ့ အစိုးရအဖွဲ့အတွင်းမှာ အခြေအနေတစ်ရပ်ကို ရေးရှသွားနိုင်ပါတယ်။ ကောင်းတဲ့လားရာကို ရေးရှတဲ့ အခြေအနေမျိုးတော့ မဟုတ်နိုင်ပါဘူး။

တချို့မေးခွန်းတွေက ခပ်ကြမ်းကြမ်းပါ။ ရှန်ဂရိုင်းအတွက် စမ်းသပ်ချက်တစ်ခု ဖြစ်လာပါတယ်။ အင်အားအကွာအဟ (Power Gap) ရှိလာတဲ့အခါ အားနည်းသူတွေ သတိထားသင့်တဲ့အချက်ဖြစ်ပါတယ်။ သန်းခေါင်ထက် ပို ညဥ့်မနက်ဘူးဆိုတဲ့သဘောက သူ့ကြံခိုင်မှုကို ဖော်ထုတ်ပေးလိုက်ရာကျပေမဲ့ မူဂါဘီနဲ့ ထိပ်တိုက်တွေ့စေမယ့်၊ အမှတ်ကြီးစေမယ့် စကားမျိုးကို ရှောင်ရှားပြီး ဖြေသွားပါတယ်။ မူဂါဘီအပေါ် လူထုရဲ့သဘောထားကိုလည်း ခပ်ပါးပါး ထင်ရှားစေလိုက်တာ တွေ့ရပါတယ်။

သမ္မတ မူဂါဘီနဲ့ ဝန်ကြီးချုပ် ရှန်ဂရိုင်းတို့နှစ်ဦးရဲ့ Power Gap ဟာ ကြီးမားစွာကွာခြားဆဲ ရှိနေပါသေးတယ်။ နိုင်ငံတကာရဲ့ အပံ့အပိုးမရရင် ရှန်ဂရိုင်းအနေနဲ့ အစိုးရအဖွဲ့ထဲ ဝင်ရောက်ပါဝင်ခွင့်ရမှာမဟုတ်တဲ့ အခြေအနေပါ။ သံရေးတမန်ရေး အားကောင်းတာရယ်၊ နိုင်ငံတကာဖိအားတစ်ရပ်ရယ်၊ ပျော့ပြောင်းမှုရယ်၊ အပေးအယူညှိနှိုင်းမှုကောင်းတစ်ရပ်ရယ်ကြောင့်သာ သည်အခြေအနေအထိ ရောက်လာခဲ့ကြခြင်းပါ။

တချို့မေးခွန်းတွေကို ဖြေဆိုရာမှာ ရှန်ဂရိုင်းက သူ့သဘောထားနဲ့၊ သူ့ Position ကို ထုတ်ဖော်သွားပါတယ်။ ဥပမာ – သူဟာ ဝန်ကြီးချုပ်တစ်ယောက်ဖြစ်တယ်ဆိုတာမျိုး၊ ရည်ရွယ်ချက်တူတယ်ဆိုရင် ပူးပေါင်းလို့ ရနိုင်တယ်ဆိုတဲ့သဘောတရား၊ ၊ တစ်ဦးနဲ့တစ်ဦး လေးစားပြီး ပူးပေါင်းနိုင်တဲ့ အခြေအနေတစ်ရပ်ကိုသာ ဖန်တီးနိုင်ဖို့လိုတယ်ဆိုတာမျိုးဟာ အတော်အားကောင်းတဲ့ အဖြေမျိုးပါ။ အမေးတိုင်းကို တိုက်ရိုက် ရှန်ဂရိုင်းက ဖြေမသွားပါဘူး။ သူပေးချင်တဲ့ Message ကို သူ့သဘောထား၊ ရပ်တည်ချက်၊ ရည်ရွယ်ချက်တွေထည့်ပြီး ပြောသွားနိုင်ပါတယ်။ အားလုံးသောအဖြေတွေဟာ အပြုသဘောဆောင်နေတာ တွေ့ရပါတယ်။ ထိပ်သီးနှစ်ဦး သဘောတူစာချုပ်ကို ကိုးကားပြသွားတာ၊ ရည်မှန်းချက်ထက်

mgyoe.com

mgyoe.com



တခြားဘာကိုမှ ခေါင်းထဲထည့်မထားဘူးဆိုတာတွေဟာ သူ့လိမ္မာမှု ဖြစ်ပါတယ်။

မူဂါဘီအပေါ် လူထုရဲ့သဘောထားကို ထည့်ပြောသွားတာဟာ တစ်ဖက်လူကို အခြေအနေအမှန်က လွတ်ထွက်မသွားအောင် ပါးနပ်စွာ Message ပေးလိုက်တာပါပဲ။ ဥပဒေကို အကာအကွယ်ယူပြီး အင်အားနှစ်ရပ် ထိပ်တိုက်မတွေ့နိုင်အောင် ပါးနပ်စွာ ရှောင်ရှားဖြေနိုင်တာ ရှန်ဂရိုင်းရဲ့အရည်အချင်းပဲ ဖြစ်ပါတယ်။

အမေးအဖြေရဲ့သဘောကိုကြည့်ရင် ရှန်ဂရိုင်းရဲ့ Degree of Power ကို တိုင်းတာနိုင်ပါတယ်။ ပေါ်လွင်ပါတယ်။ အဲဒီအချက်ကို 'ကာ' ပြီး ဖြေသွားပါတယ်။ တစ်ချိန်က emotion သိပ်ဖြစ်တတ်တဲ့ ယူဂန္ဓာသမ္မတ အေဒီအာမင်ရဲ့ အဖြေမျိုးနဲ့ အတော်ကလေး ဆန့်ကျင်ပါတယ်။ မေးခွန်းတစ်ခုမှာ ပူးပေါင်းသူနှစ်ဦးရဲ့ အင်အားအကွာအဟ (Level of Power) ကို တိုက်ရိုက်မေးထားပါတယ်။ လက်နက်ကိုင်တပ်ဖွဲ့နဲ့ လုံခြုံရေးတပ်ဖွဲ့တွေကို ချုပ်ကိုင်ထားသူရဲ့ အကဲသာမှုကို အလွယ်တကူ စဉ်းစားနိုင်ပါတယ်။ မူဂါဘီဟာ ဇင်ဘာဘွေရဲ့ နိုင်ငံခေါင်းဆောင်တစ်ဦးဖြစ်ပါတယ်လို့ ရှန်ဂရိုင်းက ဦးစားပေးထားပြီး တခြား အုပ်ချုပ်ရေးနဲ့ မူဝါဒပိုင်းတွေကိုတော့ သူ တာဝန်ယူထားပါတယ်ဆိုတဲ့အဖြေက တစ်ဖက်လူကို နှစ်သိမ့်ပေးရာ ကျပါတယ်။ မလိုလားအပ်တာတွေ မဖြစ်စေဖို့ ရှောင်ရှားပြီး ကြိုတင်တားဆီးပေးရာလည်း ကျပါတယ်။

မီဒီယာဆိုတာ မေးတတ်ပါတယ်၊ မေးတတ်တာကိုက သူတို့ရဲ့ အရည်အချင်းပဲ ဖြစ်ပါတယ်။ တစ်ခုမဟုတ်တစ်ခု စိတ်ဝင်စားစရာကောင်းမယ့် အဖြေမျိုးရအောင် မေးပါတယ်။

နိုင်ငံရေးလုပ်တယ်ဆိုတာ အများကောင်းဖို့ပါ။ နိုင်ငံကောင်းကျိုး လုပ်ကြတဲ့သူတွေ အားလုံးကိုလည်း ကျေးဇူးတင်ဖွယ်ရာများ ဖြစ်ပါတယ်။ လူတိုင်း မလုပ်နိုင်တဲ့အလုပ်မျိုး ဖြစ်ပါတယ်။ နိုင်ငံကောင်းကျိုးအတွက် လုပ်ကြတဲ့ ရည်ရွယ်ချက်တစ်ခုအောက်မှာ ဝိဝါဒကွဲပြားမှုတွေ၊ မဟာဗျူဟာခြားနားမှုတွေ ရှိနိုင်ပါတယ်။ နိုင်ငံရေးပါတီတွေကြားမှာ အင်အား၊ ပညာ၊ အတွေ့အကြုံအကွာအဟတွေက အမြဲတမ်းရှိနေရမယ့်အရာလည်း ဖြစ်ပါတယ်။ ရည်ရွယ်ချက်အခြေခံ (Mission oriented) ကို လက်ကိုင်ထားရင် အခက်အခဲတွေကို စုပေါင်း ကျော်လွှားနိုင်မှာဖြစ်ပြီး Emotional Base ဆိုတဲ့ စိတ်ခံစားမှုကိုအခြေခံရင် အခက်အခဲတွေပိုပြီး ကြီးထွားနိုင်ပါတယ်။ ဦးဆုံးက 'အရွေ့' တစ်ခု စတင်ဖြစ်တည်ဖို့ လိုပါတယ်။ ယဉ်ကျေးမှုတစ်ခု (Culture) အခြေတည်နိုင်ဖို့ အရေးကြီးပါတယ်။ ယဉ်ကျေးမှုတစ်ခု အခြေတည်မိရင် Culture Proliferation ဆိုတဲ့ ယဉ်ကျေးမှု ဆက်လက်

mgyoe.com

mgyoe.com

ထွန်းကားခြင်းနဲ့ လိုချင်တဲ့ခရီး ရောက်နိုင်ကြပါလိမ့်မယ်။ Change ဆိုတာ ပြောင်းလဲခြင်း ဖြစ်ပါတယ်။ Flexibility ဆိုတာ လိုက်လျောညီထွေရှိခြင်း၊ အတိုးအလျှော့ရှိခြင်း ဖြစ်ပါတယ်။ အဲဒီနှစ်ခုကို Direction ဆိုတဲ့ ဦးတည်ရာ လမ်းကြောင်းနဲ့ စည်းခြားထားပါတယ်။ Direction ဆိုတဲ့အရာ မပြောင်းလဲဖို့ပဲ ဖြစ်ပါတယ်။

ဝ

mgyoe.com

mgyoe.com

# မဟာတံတိုင်းကြီး ပြိုလဲခြင်း

25th June 2009

အတိတ်ကာလက ကမ္ဘာပေါ်တွင် ဆရာတစ်ဆူဖြစ်ခဲ့သော Hank Paulson သည် Washington DC ရှိ အခန်းကျဉ်းထဲတွင် ထိုင်လျက်ရှိ၏။ သူ၏ဘဝအကျဉ်းချုပ်ကို စိတ်ပျက်စွာဖြင့် ကြိုးစားရေးသားလျက် ရှိသည်။ သူသည် တစ်ချိန်က ဟားဗတ်တက္ကသိုလ်မှ MBA ဘွဲ့ရရှိခဲ့ပြီး နာမည်ကျော် Goldman Sachs ကုမ္ပဏီတွင် လုပ်ခဲ့စဉ်က အခြေအနေနှင့် လုံးဝခြားနားနေ၏။ Wall Street ၏သာမန်အဆင့်မှ အမေရိကန်နိုင်ငံ၏ ဘဏ္ဍာရေးဝန်ကြီးဘဝကို ရရှိခဲ့သူ ဖြစ်သော်လည်း၊ သူ့လက်ရှိအခြေအနေမှာ ဘဝကို လက်မြှောက်အရှုံးပေးနေသူတစ်ဦးကဲ့သို့ ဖြစ်နေသည်။ (၂၀၀၈) ခုနှစ် စက်တင်ဘာလအတွင်း Lehman Brothers ကျဆုံးချိန်တွင် ငွေကြေးလောကကြီးတစ်ခုလုံး ပြိုကွဲသွားပုံကို ကြိုးစား၍ ရှင်းလင်းဖြေကြားရန် စီစဉ်နေသည်။ Lehman Brothers ဆိုသည်က အမေရိကန်၏ အလွန်ထင်ရှားကျော်စော၊ ဩဇာတိက္ကမကြီးကာ နှစ်ပေါင်း (၁၅၀) ကျော်ကြာ တည်ရှိခဲ့သည့် ရောမကုမ္ပဏီတံတိုင်းကြီးဖြစ်သည်။

သူသည် လူများ၏ ဆန္ဒများ အေးခဲသွားရန် ဘဏ္ဍာရေး ကမောက်ကမဖြစ်နေမှုက တွန်းအားပေးခဲ့ကြောင်း စဉ်းစားနေခြင်း ဖြစ်သည်။ သူ၏အတွေး၌ Lehman ကုမ္ပဏီ ကျဆုံးရခြင်းသည် အစိုးရ၌ တာဝန်ရှိနေပြီး အထူးသဖြင့် သူ့အပေါ် အပြစ်ပုံချခံခဲ့ရကြောင်း ထင်မှတ်နေ၏။ Lehman ကုမ္ပဏီ လူမွဲစာရင်းခံယူသည့်နေ့က သူ ကြိုတင်နိမိတ်ဖတ်ထားသည့်အတိုင်းဖြစ်နိုင်ကြောင်း ခေါင်း

mgyoe.com

mgyoe.com

ထဲသို့ ရောက်လာ၏။ Paulson သည် သတင်းထောက်များအား အကယ်၍ Lehman ကုမ္ပဏီသည် လူမွဲစာရင်းမခံယူပါကလည်း သူ့အနေဖြင့် အခွန်ထမ်းပြည်သူတို့၏ငွေကို သုံးစွဲမည်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။ ဆိုလိုရင်းမှာ အစိုးရအနေဖြင့် စီးပွားရေးကျဆုံးမှုနှင့် ရင်ဆိုင်နေရသော ကုမ္ပဏီများကို ကယ်တင်ခြင်းသည် ရှုးမိုက်သော လုပ်ရပ်တစ်ခုဖြစ်ကြောင်းနှင့် ကိုယ်ကျင့်တရားပျက်ပြားနေခြင်းများကို ကာကွယ်ပေးနေခြင်းဖြစ်ကြောင်း ဆိုလိုသည်။

Lehman ကုမ္ပဏီကျဆုံးပြီးနောက် ရက်သတ္တပတ်များစွာ ကြာမြင့်ချိန်တွင် အစိုးရသည် ဘဏ်များနှင့် အခြား ငွေကြေးဆောင်ရွက်သည့် ကုမ္ပဏီများကို သန်းထောင်ပေါင်းများစွာပေး၍ ကူညီပံ့ပိုးပေးခဲ့၏။ မည်သည့်အတွက်ကြောင့် Lehman ကုမ္ပဏီကို ကူညီပံ့ပိုးခြင်းမပြုသနည်းဆိုသော မေးခွန်းတစ်ခု ပေါ်လာသည်။ အကယ်၍ အစိုးရသည် Lehman ကုမ္ပဏီ၏ဒုက္ခကို ကယ်တင်ခဲ့ပါက ငွေကြေးလွှဲပြောင်းမှုကဏ္ဍကို အကြီးအကျယ် ရိုက်ခတ်သွားနိုင်သောကြောင့် ဖြစ်၏။ Paulson ၏ ပုံပြင်သဖွယ်ပြောဆိုမှုများသည် ဈေးကွက်ပြိုကွဲသွားခြင်းနှင့် ဆက်နွယ်နေသည့်အပြင် တစ်ချိန်က တန်ခိုးဩဇာကြီးမားခဲ့သော ဘဏ်လုပ်ငန်းရှင်များသည် အပျက်အစီးများကြားမှ ရုန်းထွက်လာသည့်ပုံနှင့် တူနေပြီး Paulson သည် နောက်ကျောကို ဓားနှင့်ထိုးသူဖြစ်ကြောင်း ကွန်ကရက်လွှတ်တော် ရှေ့မှောက်၌ ပြောဆိုကြသည်။

Paulson က သူသည် Lehman ကုမ္ပဏီကို ပစ်ပယ်ထားခြင်း မရှိကြောင်း ချေပခဲ့သည်။ သူက Newsweek မဂ္ဂဇင်းသို့ Lehman ကုမ္ပဏီကို ကယ်တင်ရန်ကြိုးစားခဲ့ပုံများကို အသေးစိတ် ပြောပြသွားသည့်အပြင် Lehman ကုမ္ပဏီ ပြိုကွဲသွားခြင်းသည် စီးပွားရေးလောကတစ်ခုလုံး ကမောက်ကမ ဖြစ်စေကြောင်းအယူအဆကို လက်မခံနိုင်ဟု ပြင်းပြင်းထန်ထန် ငြင်းဆိုသွားသည်။ Lehman ကုမ္ပဏီပြိုကွဲသွားခြင်းသည် စိတ်ကူးယဉ်ဇာတ်လမ်းတစ်ခု၏ လက္ခဏာသာဖြစ်ကြောင်း ဖော်ပြခဲ့၏။ Paulson ကပင် ဆက်လက်၍ ငွေကြေးအကျပ်အတည်း ဖြစ်ပေါ်လာခြင်းမှာ Fannie and Freddie, AIG နှင့် Washington Mutual ကဲ့သို့ ကုမ္ပဏီကြီးများ၏ ပြဿနာ အရှုပ်အထွေးများကြောင့် ဖြစ်ကြောင်း ထောက်ပြခဲ့သည်။

ဤကိစ္စများအားလုံးမှာ မှန်ကန်မှုရှိသော်လည်း Lehman ကျဆုံးချိန်၌ သူ့တွင် တာဝန်မရှိကြောင်း ဆက်လက်ငြင်းဆို၏။ Lehman ကုမ္ပဏီပြိုကွဲခါနီးအချိန်၌ ဘဏ်လုပ်ငန်းရှင်များနှင့် ငွေကြေးမူဝါဒရေးဆွဲသူများအကြား ထိန်း

mgyoe.com

mgyoe.com


သိမ်းမရဖြစ်နေသော အခြေအနေများကို သတင်းစာများမှ ပြန်လည်တူးဆွဖော်ပြခဲ့ကြသည်။ Lehman ကုမ္ပဏီ ပြိုကွဲသွားပြီး နှစ်ဝက်ခန့်ကြာမြင့်ခဲ့သော ပျက်မှောက်ကာလတွင် အတိတ်က ထင်ရှားခဲ့သည့် ငွေကြေးကျပ်တည်းမှုများကို ချန်လှပ်ထားခဲ့ကြောင်း တွေ့ရသည်။ ထိုအချိန်က အဓိက ပါဝင်လှုပ်ရှားခဲ့သော ပုဂ္ဂိုလ်များ၏ ဆုံးဖြတ်ချက်များကို ပြန်လှန်သုံးသပ်ရန် လိုလာသည်။ ငွေကြေးကိစ္စရပ်များ ပြန်လည်ထူထောင်ရန်အတွက် လုပ်ဆောင်ခဲ့သူများထဲတွင် Paulson သည် ထင်ရှားသူဖြစ်သည်။ အတိတ်သမိုင်းကြောင်းကို ပြန်လှန်တူးဖော်ကြည့်လျှင် Paulson သည် Wall Street ၌ နာမည်ကျော်တစ်ဦးမဟုတ်ကြောင်း တွေ့နိုင်သည်။ သို့သော် သူသည် ပြင်းထန်သော မုန်တိုင်းကြီးတစ်ခုကို ငြိမ်သက်သွားစေရန် ဆောင်ရွက်ရာ၌ ပါဝင်ခဲ့သူတစ်ဦးတော့ ဖြစ်၏။ သူသည် အကောင်းဆုံးပြုလုပ်သကဲ့သို့ အဖြေကောင်းရရှိအောင်လည်း ဆောင်ရွက်ခဲ့သူ ဖြစ်၏။ နောက်ဆုံး၌ သူ့အား ကယ်တင်ခဲ့သူမှာ Wall Street ရှိ ကူးသန်းရောင်းဝယ်ရေး ဈေးကွက်ကြီးပင် ဖြစ်သည်။ ထိုကာလက သူ့ရဲကောင်းဖြစ်သွားသူမှာ အမေရိကန်အစိုးရ၏ ဗဟိုဘဏ်ဥက္ကဋ္ဌ Ben Bernanke ဖြစ်သည်။ သူသည် သံသယစိတ်ဝင်နေသော ကွန်ဂရက်လွှတ်တော်အမတ်များ ရှေ့မှောက်၌ ပြဿနာဖြေရှင်းပုံနည်းလမ်းများကို လိမ္မာပါးနပ်စွာတင်ပြပြီး ငွေကြေးပြိုကွဲနေမှုများကို ရှောင်ရှားနိုင်အောင် စွမ်းဆောင်ခဲ့သူ ဖြစ်သည်။

Paulson သည် အရပ် ၆' ၁" ရှိပြီး ကိုယ်အလေးချိန်ပေါင် (၂၀၀) ရှိသဖြင့် သူ့အား နာမည်ပြောင်အနေဖြင့် တူတစ်ချောင်း "The Hammer" အဖြစ်ခေါ်ဝေါ်ကြပြီး သူ၏လုပ်ရပ်များမှာ ဦးနှောက်ပါဝါထက် အမြဲသာလွန်နေကြောင်း တွေ့ရသည်။ သူ၏ ပါးနပ်လိမ္မာမှုဖြင့် (၁၉၉၈) ခုနှစ် ရုရှားနိုင်ငံ စီးပွားရေးအကျပ်အတည်းကာလတွင် Goldman ကုမ္ပဏီကို ကယ်တင်ခဲ့ပြီး သူ၏ လုပ်ဖော်ကိုင်ဖက်များအတွက် ဒေါ်လာသန်း ရာနှင့်ချီသော ငွေများရရှိအောင် ဆောင်ရွက်ခဲ့သဖြင့် ထိုအဖွဲ့၏ ဦးစီးခေါင်းဆောင်တစ်ဦး ဖြစ်လာသည်။ သူသည် ဩဇာအာဏာကြီးမားသောသူတစ်ဦး ဖြစ်သော်လည်း စကားကို ရှင်းလင်းပြတ်သားစွာ ပြောဆိုတတ်သူမဟုတ်ကြောင်း တွေ့ရသည်။ သူသည် Wall Street ရှိ စီးပွားရေးလုပ်ငန်းရှင်တစ်ဦးမဟုတ်ပါ။ Goldman ကုမ္ပဏီ၌ အလုပ်ဝင်ရောက်စဉ်အချိန်က လက်လုပ် အီတလီဖိနပ်များကိုမစီးဘဲ ဈေးပေါပေါရသောဖိနပ်ဖြင့် အလုပ်တက်သူတစ်ဦးသာဖြစ်ပြီး ဝါသနာမှာ ငှက်များကို ကြည့်ရှုလိုခြင်း ဖြစ်သည်။ အရက်၊ ဆေးလိပ်မသောက်သူတစ်ဦးဖြစ်သည့်အပြင် အားလပ်ချိန်၌ Illinois ပြည်နယ်၊

mgyoe.com

mgyoe.com

Barrington မြို့ရှိ မိခင်အိမ်သို့သွားလေ့ရှိသူ ဖြစ်သည်။ သူသည် ခန့်ညားသော ရုပ်ဆင်းသွင်ပြင်လက္ခဏာရှိပြီး Goldman ကုမ္ပဏီ၏ အမှတ်တံဆိပ်ကို ယုံကြည်လက်ခံသူလည်း ဖြစ်သည်။ Wall Street ရှိ ပုဂ္ဂိုလ်များအနက် ပါးနပ်ပြီး ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိသူတစ်ဦး ဖြစ်သည်။ Goldman ကုမ္ပဏီသည် လောင်းကစားဆန်ဆန် ကုမ္ပဏီတစ်ခုဖြစ်သော်လည်း နိုင်ရန်သေချာသည့်ဘက်၌ နေတတ်သောကုမ္ပဏီ ဖြစ်သည်။

Goldman ကုမ္ပဏီ၏ ဦးစီးခေါင်းဆောင်များသည် လူချမ်းသာများသာ တက်ရောက်သည့်ကျောင်းမှ ထွက်ရှိလာသူများဖြစ်ပြီး Lehman ကုမ္ပဏီကဲ့သို့ အဆင့်နိမ့်သောကုမ္ပဏီများကို အပေါ်စီးမှ ကြည့်တတ်သူများ ဖြစ်ကြသည်။ Lehman ကုမ္ပဏီ၏သက်တမ်းမှာ ကြာရှည်စွာတည်ရှိပြီးဖြစ်သော်လည်း အစိတ်အပိုင်းများကို ဆက်စပ်ရာတွင် အလွန်ထက်သော အမှုဆောင်အရာရှိချုပ် Dick Fuld လက်တွင် အောင်မြင်ကြီးပွားလာသည်။ Fuld သည် စီးပွားရေးသမားတစ်ဦးဖြစ်ပြီး အန္တရာယ်များသည့် စွန့်စားမှုကို လုပ်ကိုင်လိုသူတစ်ဦး ဖြစ်ကာ နာမည်ပြောင်မှာ ဂေါ်ရီလာ “the Gorrilla” ဖြစ်သည်။ Paulson နှင့် Fuld တို့သည် နှစ်ပေါင်းများစွာ သိရှိထားကြသူများဖြစ်ပြီး Paulson က Fuld အား လူကောင်းတစ်ဦးအဖြစ်လည်းကောင်း၊ သူငယ်ချင်းတစ်ဦးအဖြစ်လည်းကောင်း သတ်မှတ်ထားသူဖြစ်သည်။ သို့သော်လည်း ဗဟုသုတပြည့်စုံသည့် Wall Street ရှိ ပုဂ္ဂိုလ်များနှင့် အစိုးရအရာရှိကြီးများက Paulson နှင့် Fuld အား အမှန်တရားနှင့် ကင်းကွာနေသည့် လောင်းကစားသမားအနေဖြင့်သာ သတ်မှတ်ထားကြောင်း ပြောဆိုကြသည်။

Paulson သည် Fuld အပေါ် သံသယစိတ်ဝင်လာပြီး (၂၀၀၇) ခုနှစ် အောက်တိုဘာလဆန်းတွင် Lehman ၏ ရှေ့ရေးကို တွေးပူနေသည်။ ထိုကဲ့သို့ ဖြစ်ရပြင်းမှာ Lehman ကုမ္ပဏီသည် အဆင်အခြင်မဲ့စွာဖြင့် စီးပွားရေးလုပ်ငန်းလုပ်ရန် မသင့်သော အိမ်ခြံမြေ ရောင်းဝယ်ရေးလုပ်ငန်းကို လောင်းကစားသဖွယ် ဆောင်ရွက်နေခြင်းမှ မြစ်ဖျားခံလာခြင်းဖြစ်ကြောင်း တွေ့ရသည်။ Paulson စိတ်ထဲ၌ သံသယစိတ် ပိုမိုကြီးထွားလာသည့်အကြောင်းရင်းမှာလည်း Lehman ကုမ္ပဏီ၏ (၂၀၀၈) ခုနှစ်၊ နှစ်ဝက် ဘဏ္ဍာရေးရှင်းတမ်းမှာ နှမ်းဖြူးထားသကဲ့သို့ ဖြစ်နေကြောင်း တွေ့ရှိရ၍ ဖြစ်၏။ ဇွန်လအတွင်း၌ Lehman ၏အခြေအနေမှာ မကောင်းနိုင်ကြောင်း မီးနီပြသလာ၍ Paulson သည် Fuld အား ခေါ်ယူတွေ့ဆုံပြီး Lehman အား ကယ်တင်ရန်အတွက် ဝယ်သူအား ရှာဖွေရန် သို့မဟုတ်

mgyoe.com

mgyee.com

ငွေရင်းအသစ်များ ထပ်မံထည့်သွင်းရန် တိုက်တွန်းပြောဆိုခဲ့သည်။ Fuld သည် ဗဟုသုတဖြင့် ပြည့်စုံသောပုဂ္ဂိုလ်များ၏ အကြံပြုချက်များကို ငြင်းပယ်ပြီး Lehman ကုမ္ပဏီ၏ အကျိုးကျေးဇူးရရှိရေးကိုသာ ဦးစားပေး ဆောင်ရွက်နေကြောင်း တွေ့ရှိသွားသည့် Paulson ၏စိတ်ထဲတွင် စိတ်ပျက်သွား၏။

Fuld ၏ရုံးခန်းမှာ (၃၁) ထပ်တွင် ရှိပြီး Hudson မြစ်နှင့် နယူးယောက်မြို့၏ မိုးထိမြင့်မားသော အဆောက်အဦများကို ကြည့်ရှု၍ရသည်။ စက်တင်ဘာလဆန်း၌ Lehman ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်ရုံးခန်းမှာ စစ်ဆင်ရေးခန်းမနှင့် တူလာပြီး လက်ထောက်များသည် ဖြစ်နိုင်ဖွယ်အခြေအနေများကို စူးစမ်းလေ့လာလျက် ရှိကြသည်။ တောင်ကိုရီးယားဘဏ်လုပ်ငန်းတစ်ခုသည် Lehman ကုမ္ပဏီတွင် ငွေရင်းမြှုပ်နှံရန် ကြံစည်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည်ဆုတ်ခွာသွား၏။ Fuld နှင့် အဖွဲ့သားများသည် အခြေအနေများ ပြန်လည် ကောင်းမွန်လာနိုင်ကြောင်း မျှော်လင့်နေကြသည်။ လွန်ခဲ့သည့် မတ်လအတွင်းက J.P. Morgan ကုမ္ပဏီသည် အစိုးရအကူအညီဖြင့် ရင်းနှီးမြှုပ်နှံမှုဘဏ် Bear Stearns ကို ကူညီကယ်တင်ခဲ့ကြောင်း တွေ့ရှိရပြီး စက်တင်ဘာလဆန်း၌ ပြည်ထောင်စုဘဏ်သည် Fannie Mae နှင့် Freddie Mac ကုမ္ပဏီ၏ လုပ်ငန်းများကို ထိန်းချုပ်ခဲ့သည်။ ဤအကြောင်းကို သိရှိသွားသော Lehman ကုမ္ပဏီသည် အကယ်၍ ကုမ္ပဏီအား ဝယ်ယူမည့်သူ ရှာဖွေတွေ့ရှိပါက ပြည်ထောင်စုဘဏ်က ဝင်ရောက်ကယ်တင်ပေးလိမ့်မည်ဟု ထင်မှတ်နေပါသည်။

Paulson သည် ရှုပ်ထွေးပြီး ပျက်စီးမှုများနှင့် ရင်ဆိုင်နေရသော အခြေအနေကို လက်ဆုပ်လက်ကိုင်ပြ၍ ပြောဆိုနိုင်ခြင်းမရှိကြောင်း တွေ့နေရ၏။ ငွေကြေးကိစ္စရပ်များ၌ ကျွမ်းကျင်သောပုဂ္ဂိုလ်များ၏ သတိပေးပြောဆိုမှုများကို လျစ်လျူရှုပြီး Paulson သည် သူ၏ခံယူချက်အတိုင်း ရှေ့ဆက်သွားခဲ့သည်။ သူက Newsweek မဂ္ဂဇင်းအား သူ့အနေဖြင့် လက်လီဈေးကွက်အခြေအနေကို မသိရှိကြောင်း ပြောဆိုခဲ့သည်။ သို့သော်လည်း သူသည် Goldman ကုမ္ပဏီ၌ ရှိစဉ်က ကွန်ကရက်လွှတ်တော်အမတ်များအား စည်းရုံးပြီး အိမ်ယာမြေ ဈေးကွက်နှင့် စပ်လျဉ်းသည့် ဥပဒေအသစ်များကို ထုတ်ပြန်စေခဲ့သူလည်း ဖြစ်ပါသည်။

စက်တင်ဘာလထဲတွင် Lehman ကုမ္ပဏီ၏ တတိယလေးလပတ်ဘဏ္ဍာရေးအစီရင်ခံစာတွင် ဒေါ်လာ (၄) ဘီလီယံနီးပါး ဆုံးရှုံးကြောင်း ဖော်ပြသွားသည်။ နောက် (၂) ရက်ခန့်အကြာတွင် ပြည်ထောင်စုအစိုးရမှ ဝင်ရောက်စွက်ဖက်လာသည်။ စက်တင်ဘာ (၁၂) ရက်၊ သောကြာနေ့တွင် Wall Street ရှိ

mgyee.com

mgyoe.com

ရင်းနှီးမြှုပ်နှံမှုဘဏ်များမှ ခေါင်းဆောင်များကို New York မြို့ရှိ ပြည်ထောင်စုဘဏ်မှ ဆင့်ခေါ်ပြီး အရေးပေါ်အစည်းအဝေး ပြုလုပ်ခဲ့၏။ ထိုနေ့ညနေပိုင်း (၆) နာရီတွင် ခံတပ်ကြီးနှင့်တူသော ပြည်ထောင်စုဘဏ်ရှေ့သို့ ကားနက်ကြီး တစ်စီးပြီး တစ်စီး ဝင်ရောက်လာပြီး ပြည်ထောင်စုဘဏ်ဥက္ကဋ္ဌ Tim Giethner နှင့်အတူ Paulson လည်း တက်ရောက်ခဲ့သည်။ သက်တမ်း (၁၀၀) နီးပါးရှိသော ဘဏ်အဆောက်အဦးကို ပြင်ဆင်နေချိန်ဖြစ်၍ Paulson ၏ရုံးခန်းကို ဖြစ်သလို ပြုလုပ်ထားရသည်။ အစည်းအဝေးတက်ရောက်သူအားလုံးသည် ဆွေးနွေးပွဲ၏ အရေးပါပုံကို သိရှိထားကြသူများဖြစ်၍ မှတ်တမ်းမှတ်ရာများ မထားကြရန် သဘောတူညီထားသည်။ Paulson က Wall Street ရှိခေါင်းဆောင်များအား Lehman ကိစ္စနှင့်ပတ်သက်၍ အခွန်ထမ်းပြည်သူတို့၏ငွေကို သုံးစွဲမည်မဟုတ်ကြောင်း ပွင့်ပွင့်လင်းလင်း သတိပေးပြောဆိုခဲ့၏။ စီးပွားရေးခေါင်းဆောင်များအနေဖြင့် ပြဿနာ၏အဖြေကို ရှာဖွေကြရန် တိုက်တွန်းပြောဆိုခဲ့သည်။

Lehman ကုမ္ပဏီရှိ ဝန်ထမ်းများအားလုံးသည် ပြည်ထောင်စုဘဏ်က ဆေးထွက်နေမည်မဟုတ်ကြောင်း ယုံကြည်နေကြပြီး သူတို့၏စိတ်ထဲ၌ Paulson သည် လိမ်ညာပြောဆိုနေသည်ဟုသာ ထင်မှတ်နေကြသည်။ နောက်ပိုင်း၌ Paulson က သူ့၌ ပါဝါမရှိတော့ခြင်းမှာ ပြည်ထောင်စုဘဏ်၏ဥပဒေများအရ အစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်မှုမရှိသော ရင်းနှီးမြှုပ်နှံမှုဘဏ်များသို့ ငွေချေးပေးခြင်းကို တားမြစ်ထားသောကြောင့်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့၏။ Paulson ၏စိတ်ထဲ၌ Lehman ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်းတွင် ဒေါ်လာဘီလီယံပေါင်းများစွာကို ဖော်ပြထားခြင်းမရှိသည့်အပေါ် သံသယရှိနေ၍ဖြစ်နိုင်သည်။ ပြည်ထောင်စုဘဏ်ဥက္ကဋ္ဌ Bernanke ၏အမြင်ကလည်း Paulson နှင့် တစ်ထပ်တည်းတူနေပြီး ယခင် Lehman ကုမ္ပဏီမှ တာဝန်ရှိသူများကလည်း Newsweek သို့ Paulson နှင့် Bernanke တို့သည် ပြည်ထောင်စုဘဏ်၏ ဥပဒေအရ ဆေးထွက်နေရခြင်းကို ပြောကြားခြင်းမရှိကြောင်း အခိုင်အမာပြောဆိုနေကြဆဲ ဖြစ်ပါသည်။

Lehman ကုမ္ပဏီသည် ပြည်ထောင်စုဘဏ်အစည်းအဝေးသို့ သူတို့၏ ဒုတိယခေါင်းဆောင် Bart McDade ကို စေလွှတ်လိုက်၏။ Fuld ကိုယ်တိုင်ကမူ ထိုအစည်းအဝေးသို့ မတက်ရောက်ခဲ့ချေ။ Fuld သည် Lehman ကုမ္ပဏီ၏ ကျဆုံးခန်းမှာ နီးကပ်လျက်ရှိနေပြီဖြစ်ကြောင်းကို လက်မခံသူတစ်ဦးလည်း ဖြစ်ပါသည်။ သူ့ရုံးခန်းမှနေပြီး ကုမ္ပဏီအားကယ်တင်နိုင်မည့် သူရဲကောင်းတစ်ဦး ရရှိရေး

mgyoe.com

mgyoe.com


ကို ဖုန်းဖြင့် ကြိုးစားရှာဖွေလျက်ရှိသည်။ ထိုရက်သတ္တပတ် ကုန်ဆုံးချိန်၌ အမေရိကန်ဘဏ် (Bank of America – B o A) ဥက္ကဋ္ဌ Ken Lewis နှင့် တွေ့ဆုံဆွေးနွေးခွင့် ရရှိခဲ့သည်။ B o A သည် Lehman ကုမ္ပဏီကို ဝယ်ယူနိုင်စွမ်းရှိသော ဘဏ်ကြီးတစ်ခု ဖြစ်သည်။ ဆွေးနွေးပွဲ၌ Lehman ကုမ္ပဏီသည် B o A ကို Wall Street ကစားပွဲ၌ပါဝင်လာစေရန် ကြီးမားသော အခွင့်အရေးပေး၍ စည်းရုံးခဲ့သည်။ စနေနေ့ရောက်သည့်တိုင် Lewis ၏ ပြန်ကြားချက်ကို မရရှိသော Fuld သည် နေမထိ ထိုင်မသာ ဖြစ်နေကြောင်း သူ၏ သူငယ်ချင်းတစ်ဦးက ပြန်လည်ပြောပြသည်။ Fuld မသိသည့်အချက်မှာ ထိုနေ့၌ပင် Lewis သည် Merrill Lynch ကုမ္ပဏီဥက္ကဋ္ဌ John Thain နှင့် လျှို့ဝှက်တွေ့ဆုံ ဆွေးနွေးပြီး Merrill Lynch ကုမ္ပဏီကို ဝယ်ယူလိုက်ခြင်း ဖြစ်သည်။ ၎င်းကုမ္ပဏီသည် နိုင်ငံအနှံ့အပြား၌ လက်လီပွဲစားများကို ကွန်ယက်သဖွယ် ဖြန့်ကျက်ထားခြင်းသည် B of A အတွက် မက်လုံးတစ်ခု ဖြစ်သွားရပါသည်။

Fuld ၏ စကားပြောကြေးနန်းဖြင့် တွေ့ဆုံခွင့်တောင်းခြင်းကို ပြန်လည်ဖြေကြားခြင်းမပြုသည့် ပုဂ္ဂိုလ်တစ်ဦးမှာ Hank Paulson ဖြစ်သည်။ သူသည် ရုတ်တရက် ပျောက်ကွယ်သွားနေ၏။ ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိအရာထမ်းတစ်ဦးကလည်း Fuld သည် (၁၀) မိနစ်တစ်ကြိမ် Paulson အား တွေ့ဆုံခွင့်ရရှိရန် ကြိုးစားကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ နောက်ပိုင်း၌ Lehman အဖွဲ့သားများက Merrill Lynch ကုမ္ပဏီဥက္ကဋ္ဌ Thain နှင့် B o A ဥက္ကဋ္ဌ Lewis တို့ တွေ့ဆုံပွဲကို Paulson က ကြိုးကိုင်ခြယ်လှယ်ခဲ့သည်ဟု သံသယရှိကြောင်း ထုတ်ဖော်ပြောဆိုလာကြသည်။ Thain နှင့် Paulson တို့သည် Goldman ကျောင်းထွက်များဖြစ်ကြ၏။ Lehman ကုမ္ပဏီအဖွဲ့သားအချို့က Goldman ကုမ္ပဏီမှ အဖွဲ့သားများသည် Lehman ကုမ္ပဏီအား နောက်ကျောမှ ဓားဖြင့်ထိုးသူများအဖြစ် စွပ်စွဲပြောဆိုလာကြသည်။ Paulson သည် ထို စွပ်စွဲပြောဆိုမှုများ မှန်ကန်မှုမရှိကြောင်းကို Newsweek သို့ ပြန်လည် ငြင်းချက်ထုတ်ခဲ့သည်။ သို့သော်လည်း သူသည် ဒုက္ခရောက်နေသော Merrill Lynch အား ကယ်တင်ရန် B o A ဥက္ကဋ္ဌ Thain နှင့် စကားပြောဆိုမိကြောင်း ဝန်ခံထွက်ဆိုသည်။

လက်မြှောက်အရှုံးပေးလေ့မရှိသော Fuld သည် နောက်ဆုံးဖဲချပ်အနေဖြင့် အင်္ဂလန်ဘဏ်တစ်ခုဖြစ်သော Barclays ဘဏ်နှင့် ဆက်သွယ်ခဲ့သည်။ တနင်္ဂနွေ နံနက်ပိုင်းတွင် Fuld ၏ လက်ထောက်အချို့က ဆွေးနွေးပွဲအောင်မြင်

mgyoe.com

mgyoe.com


မည်ဖြစ်ကြောင်း ယုံကြည်နေကြသည်။ သို့သော်လည်း ရှုပ်ထွေးသောပြဿနာများ ပေါ်ပေါက်လာပြီး ဗြိတိသျှအစိုးရ၏ ဝင်ရောက် နှောင့်ယှက်မှုကြောင့် Barclays ရှယ်ယာရှင်များနှင့် Lehman ၏ တွေ့ဆုံမှုမှာ ပျက်ပြယ်သွားရသည်။ အချိန်သည် လျင်မြန်စွာ ကုန်ဆုံးသွားပြီး တနင်္ဂနွေနေ့ ညနေပိုင်းတွင် Lehman ကုမ္ပဏီ၏ ဒုတိယခေါင်းဆောင် McDade သည် Wall Street ရှိ အဖွဲ့အစည်းများ၏ ခေါင်းဆောင်များ၊ ပြည်ထောင်စုဘဏ် ထိပ်တန်းအရာရှိများနှင့် တစ်နေ့လုံးဆွေးနွေးပြီးနောက် ဆိုးဝါးသောသတင်းကို သယ်ဆောင်ပြီး Lehman ကုမ္ပဏီရုံးခန်းသို့ ပြန်လာသည်။ ထိုသတင်းမှာ အစိုးရအနေဖြင့် Lehman ကုမ္ပဏီကို ညတွင်းချင်း ဒေဝါလီခံခိုင်းခြင်း ဖြစ်သည်။ ဥရောပနှင့် အာရှဈေးကွက် ဖွင့်လှစ်ချိန် မတိုင်မီ ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ Fuld အနေဖြင့် ဤလုပ်ရပ်မှာ ယုံကြည်နိုင်ဖွယ်ရာ မရှိကြောင်း ထုတ်ဖော်ပြောဆိုသည်ကို ထိုအချိန်က သူ့အနီး၌ရှိသော မိတ်ဆွေများက ပြန်လည်ဖောက်သည်ချကြသည်။ ထိုနေ့၌ပင် စာချုပ်စာတမ်းများနှင့် ရောင်းဝယ်မှု ကော်မရှင်ခေါင်းဆောင် Christopher Cox ကလည်း ဖုန်းဆက်၍ ဖြစ်ပေါ်လာသောတာဝန်တစ်ရပ်မှာ Lehman ၌သာ တည်ရှိနေကြောင်း အသိပေးပြောကြားခဲ့သည်။ Lehman ကုမ္ပဏီ၏ ခေါင်းဆောင်ပိုင်းမှာလည်း အံ့သြတုန်လှုပ်သွားပြီး သူတို့အနေဖြင့် ဒေဝါလီခံလိုက်ရခြင်း၏ ဆိုးကျိုးများကို ကောင်းစွာ သဘောပေါက်ထားကြသူများ ဖြစ်၏။ Paulson အနေဖြင့်လည်း ဖြစ်ပေါ်လာမည့်အကျိုးဆက်မှာ ဆိုးဝါးကြောင်း သိရှိထားပြီး ဖြစ်၏။ သို့သော်လည်း ပြည်ထောင်စုဘဏ်အရာရှိများက ငွေကြေးဈေးကွက်၌ အခြေအနေ မည်မျှဆိုးဝါးသွားနိုင်ရန် မခန့်မှန်းတတ်ကြောင်း တွေ့ရသည်။

ငွေကြေးဈေးကွက်ကို ကယ်တင်လိုက်သူမှာ ပြည်ထောင်စုဘဏ်ဥက္ကဋ္ဌ Ben Bernanke ဖြစ်ပြီး သူသည် စကားပြောဆိုရာ၌ ညင်သာသည့်အပြင် တစ်ခါတစ်ရံ၌ တုန်ယင်သောအသံဖြင့် ပြောဆိုတတ်သူဖြစ်၏။ သူသည် South Carolina ပြည်နယ်မြို့ကလေးတစ်ခုတွင် ကြီးပြင်းလာပြီး ဘဝသက်တမ်း တစ်လျှောက်လုံး၌ လက်တွေ့နှင့် အလှမ်းကွာဝေးသည့် ပညာရေးဘက်တွင် ထူးချွန်သူတစ်ဦးလည်း ဖြစ်သည်။ သို့သော်လည်း Bernanke အထူးဂရုပြုလေ့လာသည့် ပညာရပ်မှာ အမေရိကန်နိုင်ငံအပေါ် ကျရောက်ခဲ့သည့် စီးပွားရေးဆုတ်ကပ်အကြောင်း ဖြစ်သည်။ သူ ရရှိခဲ့သော သင်ခန်းစာမှာ ပြည်ထောင်စုအစိုးရအနေဖြင့် တုံ့ဆိုင်းခြင်းမရှိဘဲ ဝင်ရောက်စွက်ဖက်ကယ်တင်ရန် ဖြစ်သည်။ Lehman ကုမ္ပဏီကြီး ဒေဝါလီခံရပြီးနောက် ရက်ပိုင်းအတွင်း စီးပွားရေးလုပ်ငန်းရှင်များသို့

mgyoe.com

mgyee.com


ဒေါ်လာ (၁) ထရီလီယံ တန်ဖိုးခန့်ရှိသော ငွေကို ပြည်ထောင်စုဘဏ်မှတစ်ဆင့် ထုတ်ချေးခဲ့သည်။

စက်တင်ဘာလနှောင်းပိုင်းနှင့် အောက်တိုဘာလဆန်းပိုင်းတွင် ဖြစ်ပွားခဲ့သော အရေးအခင်းများအတွက် ရှေ့တန်းထွက် ဆောင်ရွက်သူမှာ Paulson သာ ဖြစ်သည်။ Paulson အား အစိုးရအဖွဲ့ထံသို့ သွားရောက်ပြီး ကုမ္ပဏီအား ကြီးမားသော အကူအညီများပေးရန် သွေးဆောင်စေခိုင်းသူမှာ Bernanke ဖြစ်ကြောင်း တွေ့ရသည်။ သို့သော်လည်း အစိုးရအား တင်ပြမှုမှာ အခန့်မသင့်လျှင် Paulson အား ဒုက္ခတွေ့စေနိုင်သည်။ ကွန်ကရက်သည် မူလက ငွေထုတ်ပေး၍ ကယ်တင်ခြင်းမျိုးကို ပယ်ချခဲ့သော်လည်း နောက်ပိုင်းတွင် စတော့ဈေးကွက် တည်ငြိမ်နေသည်ကိုကြည့်၍ လက်ခံလိုက်သည်။ Bernanke ၏နောက်ကွယ်မှ ဆောင်ရွက်ချက်များသည် ပြင်းထန်စွာ ပြောဆိုလုပ်ကိုင်တတ်သော Paulson ထက် ဥပဒေပြုသူများအတွက် အကြိုက်ဖြစ်သွားသည်။ Paulson ၏ အဆိုပြုချက်အတွက် အကောင်းဆုံး အခြေအနေတစ်ရပ် ဖြစ်ပေါ်လာစေရန် အကန့်အသတ်မရှိ ငွေထုတ်ချေးနိုင်ခွင့်ကို လွှတ်တော်က ကန့်ကွက်ချိန်တွင် လွှတ်တော်ဥက္ကဋ္ဌဖြစ်သူ Nancy Pelosi က Lehman ကိစ္စ ဖြစ်ပွားပြီးနောက် သူမသည် ရက်သတ္တပတ်ကုန်ဆုံးချိန်တွင် မြို့ကိုစွန့်ခွာ၍ တနင်္လာနေ့မှ ပြန်ရောက်မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။ Bernanke သည် စကားကို ဖြည်းညင်းစွာ ပြောဆိုသော်လည်း အင်အားပါသည့်လေသံဖြင့် တနင်္လာနေ့တွင် စီးပွားရေးလောကကြီးတစ်ခုလုံး မရှိတော့ကြောင်း ပြန်လည်ပြောကြားခဲ့သည်။ Paulson က သူသည် Bernanke နှင့်လက်တွဲပြီး စီးပွားရေးစနစ်ကြီးတစ်ခုလုံးကို ကာကွယ်နိုင်ခဲ့ကြောင်း ဂုဏ်ယူဝင့်ကြွားစွာ ပြောလေ့ရှိသည်။

Lehman အမှုမှာ ပြီးဆုံးသွားသော်လည်း လွယ်ကူမှုတော့ မရှိခဲ့ချေ။ ကုမ္ပဏီနှင့် ဆက်ဆံနေသူများ အားလုံးသည် Barclays နှင့် လက်တွဲဆောင်ရွက်နေသည်မှာ ယနေ့အထိဖြစ်သည်။ သို့သော်လည်း ယခင်ပုံစံအတိုင်း ပြန်လည်မရောက်ရှိသေးကြောင်း တွေ့ရ၏။ လူတိုင်းသည် လည်စည်းမဝတ်ဆင်ကြသကဲ့သို့ အခကြေးငွေယူပြီး ဖိနပ်တိုက်ပေးမည့် လူငယ်များလည်း Wall Street ပေါ်တွင် မတွေ့ရသည်မှာ ကြာမြင့်နေပြီ ဖြစ်သည်။ သို့သော်လည်း ငွေကြေး ရောင်းဝယ်သူများကတော့ တစ်ခါတစ်ရံ တယ်လီဖုန်းဖြေကြားရာ၌ အာခံသောအနေဖြင့် "Lehman ကွ" ဟု ပြောဆိုလေ့ရှိကြသည်။

Paulson ရေးသားသည့်စာအုပ်ကို ယခုနှစ် အောက်တိုဘာလတွင်

mgyee.com

mgyoe.com

Business Plus စာအုပ်တိုက်မှ တာဝန်ယူ ဖြန့်ချိမည်ဖြစ်သည်။ ထိုစာအုပ်၌ Lehman ကုမ္ပဏီကျဆုံးပုံနှင့် အစိုးရက စီးပွားရေးကို ကျားကန်ပေးသည့် အဆင့်များကို အသေးစိတ်ဖော်ပြထားကြောင်း ဖတ်ရှုရသည်။ Lehman ပြိုကွဲသွားမှုမှာ ဝမ်းနည်းကြေကွဲဖွယ်ရာဖြစ်သော်လည်း မူဝါဒ ရေးဆွဲသူများနှင့် ဘဏ်များကြားတွင်မူ အကျင့်စာရိတ္တပျက်ပြားခြင်းဆိုသည့် စကားလုံးကို သတိထားမသုံးစွဲတော့ကြောင်း တွေ့ရှိရသည်။ ကစားကွင်းပြင်ပ၌လည်း တူကြီးမှာ တစ်ခါတစ်ရံ၌ သံတစ်ချောင်းသာသာ ဖြစ်သွားလေ့ရှိပါသည်။

၀

*(Source: Newsweek)*

mgyoe.com

mgyoe.com




PAULSON
The Former Treasury Secretary



DICK FULD



BEN BERNANKE
Chairman of the Federal Reserve



KEN LEWIS
CEO of Bank of America




JOHN THAIN
Former Chairman of Merrill Lynch



CHRISTOPER COX
Former Chairman of the SEC



TIM GEITHNER
Former President of the New York Fed



BARNEY FRANK
House Financial Services Committee

mgyoe.com

mgyoe.com

# လက်ဝဲသမားများ ပြန်လည်ဦးမော့လာနိုင်သလား

**26th June 2009**

ယခုအချိန်သည် ဥရောပတိုက်ရှိ လက်ဝဲဝါဒီများအတွက် ကြီးမားသော အခွင့်အရေးရရှိချိန် ဖြစ်သည်။ အရင်းရှင်ဝါဒသည် အကျပ်အတည်းများနှင့် ရင်ဆိုင်နေရသကဲ့သို့ တိုးတက်မှုနှုန်းမှာလည်း ကျဆင်းလျက် ရှိ၏။ အလုပ်လက်မဲ့များ ပိုမိုများပြားလာသဖြင့် အစိုးရကပင် စီးပွားရေးလုပ်ငန်းများကို ဝင်ရောက်လုပ်ကိုင်နေရသောအချိန်လည်း ဖြစ်သည်။ လက်ဝဲဝါဒီများစုပေါင်းပြီး လက်ယာဝါဒီတို့၏ လွတ်လပ်သောဈေးကွက်အမြင်ကို ပြောင်းလဲရန်အတွက် အခြေအနေကောင်းများ ဖြစ်ပေါ်နေပြီ ဖြစ်သည်။ သို့သော်လည်း (၂၀) ရာစု၏ ထိပ်ထိပ်ကြဲလက်ဝဲယိမ်းပါတီများဖြစ်ကြသည့် ဥရောပတိုက်မြောက်ပိုင်းရှိ ဆိုရှယ်ဒီမိုကရက်များ၊ မြေထဲပင်လယ်ဒေသရှိ ဆိုရှယ်လစ်များနှင့် ဗြိတိန်နိုင်ငံရှိ Labour ပါတီတို့မှာ အသက်ရှင် ရပ်တည်နိုင်ရေးအတွက် ရုန်းကန်လှုပ်ရှားနေရသည်။ ဥရောပသမဂ္ဂ (European Union-EU) တွင် အဖွဲ့ဝင် နိုင်ငံပေါင်း (၂၇) နိုင်ငံရှိသည့်အနက် နိုင်ငံပေါင်း (၂၀) ၌ လက်ယာယိမ်းပါတီများက နိုင်ငံ၏အုပ်ချုပ်ရေးအာဏာကို ချုပ်ကိုင်ထားကြသည်။ ထိုသူများထဲတွင် ပြင်သစ်နိုင်ငံသမ္မတ Nicolas Sarkozy၊ အီတလီနိုင်ငံဝန်ကြီးချုပ် Silvio Berlusconi နှင့် ဂျာမနီဝန်ကြီးချုပ် Angela Markel တို့ ပါဝင်ကြကြောင်း တွေ့ရ၏။ EU ၏ အင်အားကြီး(၄)နိုင်ငံအနက် ဗြိတိန်နိုင်ငံ တစ်နိုင်ငံတည်းသာ လက်ဝဲယိမ်းဝန်ကြီးချုပ် Gordon Brown က ဦးဆောင်နေကြောင်း တွေ့ရသည်။ သို့သော်လည်း သူ၏ ဝန်ကြီးချုပ်ဘဝမှာ

mgyoe.com

mgyoe.com


ကြိုးတန်းပေါ် လျှောက်နေရသကဲ့သို့ ဖြစ်နေ၏။ လွန်ခဲ့သော (၁၀) နှစ်အတွင်း လက်ဝဲယိမ်းပါတီဝင်အများစုက ထောက်ခံခဲ့သော ဂျာမနီနိုင်ငံမှ Willy Brandt၊ စပိန်နိုင်ငံမှ Filipe Gonzalez နှင့် ပြင်သစ်နိုင်ငံမှ Francois Mitterrand တို့မှာ အလွန်ထင်ရှားသော နိုင်ငံရေးခေါင်းဆောင်များ ဖြစ်ခဲ့သည်။

မည်သို့ဆိုစေ လက်ဝဲယိမ်းဝါဒီနိုင်ငံရေးခေါင်းဆောင်များမှာ သူတို့၏အောင်မြင်မှုများအတွက် သားကောင်များ ဖြစ်သွားရသည်။ လွန်ခဲ့သော နှစ်များစွာက ပိုလန်နိုင်ငံမှ ထွက်ပြေးလာရသည့် နိုင်ငံရေးသိပ္ပံပညာရှင် Leszek Kolakowski က ဆိုရှယ်ဒီမိုကရက်တစ်နိုင်ငံရေးကို အောက်ပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုခဲ့၏။ "ကမ္ဘာပေါ်တွင် ရှောင်လွှဲ၍ မရသော စိတ်ခံစားရမှုများ၊ တော်မှတ်ခြင်းများ၊ စစ်ပွဲများ၊ ကိုယ့်နိုင်ငံကို မုန်းတီးနေသူများ၊ ရောင့်ရဲမှုမရှိသော လောဘကြီးမှုနှင့် ခွင့်လွှတ်နိုင်စရာမရှိသည့် မနာလိုဝန်တိုမှုရှိသည့် သဘောထားတင်းမာသော ခေါင်းဆောင်များသည် တဖြည်းဖြည်း တစ်လက်မချင်းဖြင့် ပျောက်ကွယ်သွားလိမ့်မည်" ဟု ပြောဆိုခဲ့သည်။ (၂၀) ရာစုနှစ်လယ်ပိုင်းက ထပ်ခါတလဲလဲဖြစ်ပွားခဲ့သည့် ထိတ်လန့်စရာကောင်းသော တော်မှတ်ဆင်းရဲခြင်းများကို တည်ငြိမ်စွာ ရပ်တည်နေသော လူမှုရေးအဖွဲ့အစည်းများက အတိုင်းအတာတစ်ရပ်အနေဖြင့် ကူညီဖြေရှင်းပေးခဲ့ကြောင်း တွေ့ရ၏။ ခေတ်ဟောင်းက လူတန်းစားအချင်းချင်း ဝိရောဓိဖြစ်နေမှုအခြေအနေများကို ပိုမိုရှုပ်ထွေးသည့် ပစ္စည်းမဲ့ လူတန်းစားများက ဝင်ရောက် နေရာယူခဲ့ကြသည်။ ထိုလူတန်းစားများထဲတွင် တိုင်းတစ်ပါးမှ ဝင်ရောက်ခိုလှုံလာသူများ၊ မျက်နှာဖြူအသိုင်းအဝိုင်းတွင် ဝင်ရောက်နိုင်ခြင်းမရှိသည့် အချိန်ပိုင်း အလုပ်သမားများလည်း ပါဝင်ကြောင်းတွေ့ရ၏။ ဥရောပနိုင်ငံများ၏ ပုဂ္ဂလိက စီးပွားရေးကဏ္ဍတွင် အလုပ်သမားသမဂ္ဂက ထိန်းချုပ်ထားသောလုပ်ငန်းများထက် သေးငယ်သော စီးပွားရေးလုပ်ငန်းများက ပိုမိုများပြားနေကြောင်း တွေ့မြင်ရ၏။ အရင်းရှင်စီးပွားရေးစနစ်ကို ဆန့်ကျင်သည့် လက်ဝဲယိမ်းပါတီများအနေဖြင့်လည်း အဆိုးဝါးဆုံး ဘဏ္ဍာရေးကြပ်တည်းမှုဒဏ်ကို မည်ကဲ့သို့ တုံ့ပြန်ဖြေရှင်းရမည်ကို မသိရှိကြဘဲ ဖြစ်နေကြ၏။

မျက်မှောက်အချိန်၌ မည်သည့်ခေါင်းဆောင်မှ ရှေ့သို့ ထွက်မလာသေးကြောင်း တွေ့ရသည်။ မေလက ဂရိနိုင်ငံ၊ အေသင်မြို့တွင်ပြုလုပ်သော အစည်းအဝေးကို ပုံစံတကျ စာအုပ်ကြီးအတိုင်း လုပ်ခဲ့သည်။ Greek Panhellenic Socialist Movement (PASOK) ခေါင်းဆောင် George Papendreou က ဥရောပနိုင်ငံများရှိ လက်ဝဲယိမ်းနိုင်ငံခေါင်းဆောင်များကို စည်းရုံးနိုင်ခဲ့၏။

mgyoe.com

mgyoe.com

ထိုသူများထဲတွင် ပြင်သစ်နိုင်ငံမှ Segolence Royal ၊ စပိန်မှ အတွေ့အကြုံများသူ Gonzalez နှင့် ယခင် အီတလီနိုင်ငံဝန်ကြီးချုပ် Massimo d'Alema တို့ပါဝင်သည်။ ထိုပုဂ္ဂိုလ်ကြီးများစုပေါင်း၍ ရှေ့လုပ်ငန်းစဉ်များကို ချမှတ်နိုင်ရန် ကြိုးစားခဲ့ကြသည်။ PASOK အဖွဲ့သည် ဂရိနိုင်ငံ၌ ရွေးကောက်ပွဲနိုင်သွားသော New Democracy အစိုးရအဖွဲ့ထက် မဲတစ်မဲသာ လျော့နည်းရရှိခဲ့သည်။ ထို့ကြောင့်ပင် Papandreou အနေဖြင့် လက်ဝဲယိမ်းပါတီများ ဥရောပတွင် ပြန်လည်ဦးမော့လာလိမ့်မည်ဟုထင်နေကြောင်း သုံးသပ်ရ၏။ သို့သော်လည်း သူ၏ ထင်မြင်ယူဆချက်များကို တန်းတူရည်တူရှိသော ပုဂ္ဂိုလ်များက အာရုံစူးစိုက်မှုမထားကြောင်း တွေ့ရပြန်သည်။ ထိုသူများသည် အဟောအပြောကောင်းသူများဖြစ်ကြသော်လည်း သဘောထားကြီးသော ခေတ်သစ်ဝါဒီများနှင့် ရှေးရိုးစွဲဝါဒီများကို ဆန့်ကျင်ပုတ်ခတ်ပြောဆိုရာတွင် မှုန်ဝါးဝါးသာပြောနေကြကြောင်း တွေ့ရသည်။ အကယ်၍ သူတို့သည် အရင်းရှင်ဝါဒ သို့မဟုတ် George W. Bush ကို ဒေါသတကြီးဖြင့် လူသိရှင်ကြားပုတ်ခတ်ပြောဆိုပါက နားထောင်နေသောလူများသည် ဆိုရှယ်ဒီမိုကရက်တစ် ဘက်သို့ ကူးပြောင်းသွားမည်ကို သိရှိနေကြသည်။

ယခု ဇွန်လထဲတွင်ပြုလုပ်သည့် ဥရောပပါလီမန်ရွေးကောက်ပွဲတွင် လက်ဝဲဝါဒီ အမတ်လောင်းများ ဝင်ရောက် အရွေးချယ်ခံမည်ဖြစ်သော်လည်း သူတို့သည် အာရုံစူးစိုက်မှု လျော့နည်းသည့်နေရာတွင် တူညီနေကြကြောင်း တွေ့ရ၏။ ဥရောပနိုင်ငံများရှိ လက်ဝဲယိမ်းပါတီများသည် စုပေါင်းပြီး ကြေငြာစာတမ်းထုတ်ပြန်ရန် လပေါင်းများစွာ ကြိုးစားဆောင်ရွက်ခဲ့ကြရ၏။ သို့သော် သူတို့သည် ဥရောပကော်မရှင်ကို ဦးဆောင်နိုင်ပါသည်။ ကိုယ်စားလှယ်ရွေးချယ်ရာ၌ပင် သဘောထားတူညီမှုမရှိကြောင်းတော့ တွေ့ရ၏။ ဗြိတိန်၊ စပိန်နှင့် ပေါ်တူဂီနိုင်ငံများရှိ လက်ဝဲယိမ်း ဝန်ကြီးချုပ်များအားလုံးက လက်ရှိ ဥရောပကော်မရှင်ဥက္ကဋ္ဌ Jose Manual Barroso သည် လက်ယာယိမ်းဝါဒီတစ်ဦးဖြစ်သည်ကို သိရှိကြသော်လည်း သူ့ကို ထောက်ခံကြသည်။ လက်ဝဲယိမ်းပါတီများကို စုစည်းနိုင်သော ခေါင်းဆောင်ကောင်းတစ်ဦးမရှိဘဲ မည်ကဲ့သို့ ကြေငြာစာတမ်းကို ထုတ်ပြန်နိုင်မည်နည်းဆိုသော မေးခွန်း ပေါ်ထွက်လာနိုင်ပါသည်။

လက်ဝဲယိမ်းပါတီတို့သည် ဝေဖန်မှုများကို ရှည်လျားစွာ ပြောဆိုလေ့ရှိကြသော်လည်း အဖြေရှာရာ၌မူ အားနည်းလေ့ရှိကြ၏။ ပြည်သူလူထု၏ သုံးစွဲနိုင်မှုတိုးတက်ရေးကို အပြင်းအထန်ဆောင်ရွက်ကြသူများကို ဆန့်ကျင်သော ဂျာမန်ဆိုရှယ်လစ်ပါတီဝင် ဘဏ္ဍာရေးဝန်ကြီးဟောင်းက "ကိန်းစ်ဝါဒ (Keynesia-

mgyoe.com

m gyoe.com


nism)" တစ်ခုသာ ဖြစ်ကြောင်း ပြစ်တင်ရှုတ်ချလိုက်သည်။ ကမ္ဘာပေါ်၌ ရာသီဥတု အခြေအနေပြောင်းလဲခြင်းမှာ အဏုမြူပုံးစမ်းသပ်ခြင်းသည် တစ်ခုသောအကြောင်း ဖြစ်ကြောင်းကိုမူ လက်ဝဲယိမ်းဝါဒီများက ပြောဆိုလေ့မရှိကြ။ အကြောင်းရင်းမှာ ဂျာမန်ဆိုရှယ်ဒီမိုကရက်တစ်များအနေဖြင့် သူတို့၏မဟာမိတ်များကို ထိခိုက်သွားမည်ကို စိုးရိမ်၍ဖြစ်သည်။ သို့မဟုတ်ပါကလည်း ဥရောပနိုင်ငံများက ပေးသော စိုက်ပျိုးရေးအထောက်အပံ့ငွေများ ရပ်ဆိုင်းသွားမည်ကို မလိုလား၍ဖြစ်ကြောင်း တွေ့ရ၏။ အာဖရိကတိုက်နှင့် အာရှတိုက်တွင် ဆင်းရဲနွမ်းပါးနေမှုသည် အဓိက ပြဿနာတစ်ရပ်ဖြစ်သောကြောင့် ပြင်သစ်ဆိုရှယ်လစ်ဝါဒီတို့သည် လယ်ယာစိုက်ပျိုးရေးနှင့်စပ်လျဉ်းသည့် အထောက်အပံ့များ လျှော့ချမည့်အစီအစဉ်ကို အမြဲ ဗီတို အာဏာသုံး၍ ပယ်ချလေ့ရှိသည်။ လက်ဝဲယိမ်းပါတီတို့ စံပြုထားသည့်အချက်များကို တိုက်ဖျက်မည့် ကြိုးပမ်းမှုအားလုံးကို မျိုးချစ်ပါတီများက အမြဲ ပိတ်ပင်တားဆီးလေ့ရှိကြသည့်အချက်မှာ သူတို့သည် နိုင်ငံတွင်း ရွေးကောက်ပွဲများ၌ အပေးအယူများရှိလာမည်ကို စိုးရိမ်နေကြသည်။ ထိုကြေညာစာတမ်း၌ လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းများအတွက် ယုံကြည်နိုင်ဖွယ်ရှိသော အဖြေတစ်ခုပါဝင်ကြောင်း၊ ထိုအဖြေမှာ အစွန်းရောက်နေသည့် ဘဏ်စနစ်နှင့် ငွေကြေးစနစ်ကို ဥပဒေဖြင့် ထိန်းချုပ်ထားခြင်း ဖြစ်သည်။ သို့သော်လည်း ပါတီ၏ ဆောင်ရွက်ပုံနည်းလမ်းများမှာ စကားအဖြစ် ပြောဆိုချက်များသာဖြစ်၍ ထောက်ခံမှု မရရှိနိုင်ကြောင်း တွေ့ရ၏။

ယနေ့ခေတ်ကြီး၌ ဒီမိုကရက်များသည် ပါဝါရရှိရေးကို ဆန့်ကျင်သူများအဖြစ် အများသူငှာမြင်စေရန် ဆောင်ရွက်နေကြသည်။ သူတို့၏ ကျွမ်းကျင်ပြောင်မြောက်သော လုပ်ရပ်တစ်ခုမှာ အခွန်များပြားခြင်းကို စိတ်ပျက်နေသည့် ပြည်သူများအား Guardian သတင်းစာကြီးတွင် ဆောင်းပါးများရေး၍ နှစ်သိမ့်မှု ပေးနေသည်။ စံပြုထိုက်သည့်ပုံစံတစ်ခုမှာ Sorbonne တက္ကသိုလ်မှ ပါမောက္ခ Aquilino Morelle သည် Le Monde သတင်းစာကြီး၌ ဆောင်းပါးရေး၍ လက်ယာယိမ်းဝါဒီများအား လူသိရှင်ကြား ပုတ်ခတ်တိုက်ခိုက်ခြင်းနှင့် ပြီးခဲ့သည့် ရာစုနှစ်အတွင်း ဆိုရှယ်လစ်တို့၏ လုပ်ရပ်များကို ချီးမွမ်းခဲ့သည်။ သို့သော်လည်း မျက်မှောက်ခေတ်၌ လိုအပ်သော အကြံပြုချက်များကို တစ်ခုမှ ဖော်ပြထားခြင်းမရှိကြောင်း တွေ့ရသည်။ Morelle သည် တစ်ချိန်က ဆိုရှယ်ဝန်ကြီးချုပ်ဖြစ်ခဲ့သော Lionel Jospin ပြောဆိုမည့် မေးခွန်းများကို ရေးပေးခဲ့သူလည်း ဖြစ်သည်။ သူသည် ပြုပြင်ပြောင်းလဲရေးသမားတစ်ဦးဖြစ်၍ ပြင်သစ်လူမျိုးတို့က သူ့အား Blair နှင့်

mgyoe.com

mgyoe.com

တူသည့် ခေတ်မီသူတစ်ဦးအဖြစ် ပြောဆိုလေ့ရှိသည်။

ရှေးဟောင်းအယူအဆများကို ယုံကြည်သော လက်ဝဲယိမ်းဝါဒီများနေရာတွင် မျိုးဆက်သစ် ခေတ်ပညာတတ်လူငယ်များက ဝင်ရောက်နေရာယူလာကြသည်။ Royal နှင့် သူမ၏ အဓိကယှဉ်ပြိုင်ဘက်ဖြစ်သော ပြင်သစ်ဆိုရှယ်လစ်ပါတီခေါင်းဆောင် Martine Aubrey တို့သည် ယှဉ်တွဲ၍ လမ်းမများပေါ်ထွက်ပြီး ဆန္ဒပြလေ့ရှိသူများနှင့် ပူးပေါင်းကြသည်။ သူတို့၏ Sarkozy အပေါ် ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများကို ရုပ်မြင်သံကြားပေါ်၌ တွေ့ရသည်။ Royal ၏ ပြောဆိုမှုများမှာ သဘောထားတင်းမာသူများအတွက် စိတ်ကျေနပ်မှု ရရှိစေသော်လည်း လက်ဝဲယိမ်းဝါဒီ အများစုကိုတော့ စည်းရုံးနိုင်ခြင်းမရှိကြောင်း တွေ့ရသည်။ အေသင်စည်းဝေးပွဲ၌ Gonzalez က သဘောထားတင်းမာပြီး ဒီမိုကရေစီနည်းမကျသည့် မြှုဆွယ်မှုများက လက်သင့်မခံရန် မျိုးဆက်သစ် လုပ်ဖော်ကိုင်ဖက်များကို သတိပေးခဲ့သည်။ သူ၏ ပြောဆိုချက်များမှာ အတိတ်ဟောင်းအယူအဆများသာဖြစ်၍ လူအများ၏ လျစ်လျူရှုထားခြင်း ခံရသည်။ Royal သည် စကားပြောဆိုရာ၌ ညို့ငင်ဖမ်းစားနိုင်စွမ်းရှိသူတစ်ဦးဖြစ်ပြီး သူမပြောဆိုချိန်တွင် လူအများက ခန်းလုံးပြည့် နားထောင်ကြသော်လည်း Gonzalez ပြောဆိုချိန်၌မူ အခန်း၏ထက်ဝက်ခန့်သာ ရှိသည်။

ဆိုရှယ်ဒီမိုကရက်တို့၏ မျက်မှောက်ပြဿနာ အကျပ်အတည်းများမှာ ပါလီမန်အမတ် Gordon Brown ၏ ပြောဆိုမှုများအတိုင်း လိုက်လံလုပ်ဆောင်နေခြင်း ဖြစ်သည်။ Gordon Brown သည် မူဝါဒရေးဆွဲရာတွင် Tiger Woods ကဲ့သို့ အလွန်တော်သူတစ်ဦး ဖြစ်သည်။ မေလထဲ၌ သူသည် မဟာတန်း တက်ရောက်နေသော ကျောင်းသားများကို အပြည်ပြည်ဆိုင်ရာ စီးပွားရေးမူဝါဒကို သင်ကြားပို့ချပေးခဲ့ပြီး ဗြိတိသျှ စက်မှုလက်မှုလုပ်ငန်းရှင်အသင်းက သူ၏ ဝန်ထမ်းများအတွက်ပေးသော ညစာစားပွဲသို့လည်း တက်ရောက်ပြီး မိန့်ခွန်းပြောသူ ဖြစ်သည်။ ဗြိတိသျှ စီးပွားရေးလုပ်ငန်းရှင်များသည် ရတ်တရက်ပြိုကွဲသွားသော စီးပွားရေးလုပ်ငန်းများအတွက် စိတ်ကုန်နေကြသည်။ သူတို့သည် Brown ၏အခွန်အခများ တိုးမြှင့်မှုကို သဘောမကျသဖြင့် သူတို့၏စိတ်ထဲတွင် David Cameron ကို ဝန်ကြီးချုပ်ရာထူးပေးရန် စိတ်အားထက်သန်နေကြ၏။ Brown သည် မှတ်စုမပါဘဲ သူနှင့် Obama အပြင် အခြားခေါင်းဆောင်များ၏ ဆုံးဖြတ်ချက်များ တင်ပြနေသည့်အချိန်၌ တက်ရောက်သူအားလုံးသည် အာရုံစူးစိုက်နားထောင်နေကြသည်။

mgyoe.com

mgyoe.com

သို့သော်လည်း ဆိုရှယ်ဒီမိုကရက်တို့သည် ထောက်ခံမဲ အနည်းငယ်သာ ရရှိကြသဖြင့် သူတို့ချမှတ်ပြသော မူဝါဒများကို ယုံကြည်မှုမရှိကြောင်း ပြသသည်နှင့် တူနေသည်။ Brown သည် အခြားဥရောပနိုင်ငံရှိ ဆိုရှယ်လစ်ခေါင်းဆောင်များကဲ့သို့ ထင်ပေါ်ကျော်ကြားသူမဟုတ်သည့်အပြင် သူ၏ နိုင်ငံရေးခံယူချက်မှာလည်း David Camera, Sarkozy နှင့် Berlusconi တို့နှင့် မတူကြောင်း တွေ့ရ၏။ လက်ဝဲဝါဒီတို့ တစ်ချိန်က အောင်မြင်မှုရရှိခဲ့ခြင်းမှာ Brandt နှင့် Gonzalez တို့၏ ဦးဆောင်မှုကောင်းခြင်းကြောင့် ဖြစ်သည်။ သူတို့သည် ကိုယ်ပိုင်ဉာဏ်ဖြင့် အများဆန္ဒကိုအာခံပြီး စီးပွားရေးတိုးတက်လာစေရန်အတွက် ဆောင်ရွက်ခဲ့သူများ ဖြစ်ကြသည်။ သူတို့နှစ်ဦးစလုံးသည် NATO အုပ်စုကို လိုလားသူများအဖြစ် အများက မြင်ကြသော်လည်း ပါတီတွင်း၌မူ အမေရိကန်ဆန့်ကျင်ရေးကို တွန်းအားပေးဆောင်ရွက်ကြသူများ ဖြစ်၏။ ယခုခေတ် ဆိုရှယ်ဒီမိုကရက်များအနေဖြင့် ပါတီတွင်း၌ ပါဝါရရှိရေးကို ရဲရင့်ပြတ်သားစွာ မဖြစ်မနေ ကြိုးစားကြရသည်။ သူတို့၏ ပါတီများအနေဖြင့် အလုပ်သမားလူတန်းစား၏အကျိုးကို ရှေ့တန်းတင် ဆောင်ရွက်ရမည်ဖြစ်သော်လည်း လက်တစ်ဆုပ်စာမျှရှိသော ပညာတတ် တက္ကသိုလ်ကျောင်းသားများကို ပါတီနိုင်ငံရေးလုပ်ရန် စည်းရုံးသိမ်းသွင်းတတ်ရမည်ဖြစ်သည်။ ဆိုရှယ်ဒီမိုကရက်ခေါင်းဆောင်များအနေဖြင့် Marx ဝါဒီသမားများ၏ အလုပ်သမား လူတန်းစားအပေါ်ထားရှိသော သဘောထားများကို အသိအမှတ်မပြုရန်နှင့် အလုပ်သမားသမဂ္ဂများ၏ သကြင်္န်အမြောက်ကဲ့သို့ ပြောဆိုသော ရပိုင်ခွင့်များအကြောင်းကို မေ့ဖျောက်ထားရပေမည်။ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်အများစုမှာ ပုဂ္ဂလိကကဏ္ဍတွင် ဝင်ရောက် လုပ်ကိုင်နေသူများဖြစ်၍ သူတို့အနေဖြင့် ပစ္စည်းမဲ့လူတန်းစားများအတွက် မူဝါဒများချမှတ်ပေးလျှင် စိတ်ထဲ၌ ပြည်ပမှ ဝင်ရောက်လာသူများ၊ အလုပ်သမများ၊ အချိန်ပိုင်း အလုပ်သမားများအတွက် လုပ်ခများစွာရရှိရေးကို နှိုင်းယှဉ်ပြောဆိုတတ်ရန် စဉ်းစားထားရမည်။ သူတို့သည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားများကို ကိုယ်စားပြုနေကြောင်း လူသိရှင်ကြားပြောဆိုနေကြစဉ်၌ ဥရောပရှိ လူဖြူအလုပ်သမား လူတန်းစားများက ပြည်ပမှ ရောက်ရှိလာသော အလုပ်သမားများကို ကြိုက်နှစ်သက်မှုမရှိခြင်း၊ လက်ဝဲဝါဒီတို့၏ ယဉ်ကျေးမှု အမွေအနှစ်များ ပေါင်းစပ်ပေးခြင်းနှင့် ကမ္ဘာမှုပြုခြင်း ကိစ္စများကို နာကြည်းဒေါသထွက်စွာ ပြောနေကြပုံများကို သတိထား အလေးမူရန် လိုသည်။

လက်ဝဲဝါဒီများအနေဖြင့် စီးပွားရေးတိုးတက်မှုနှုန်း မြင့်မားလာစေမည့်

mgyoe.com

mgyoe.com


ရည်မှန်းချက်များကို လက်ကမ်းကြိုဆိုရန် လိုသည်။ သို့မှသာ ပြည်ပမှဝင်ရောက်လာသော လုပ်ခနည်းအလုပ်သမားနှင့် အလယ်အလတ်လူတန်းစားများ၏ အခြေအနေကို တရားမျှတစွာ ကြည့်ရှုတတ်ရမည်။ သို့သော်လည်း ဤကိစ္စသည် စီးပွားရေးသက်သက်သာဖြစ်၍ အစိုးရနှင့်မသက်ဆိုင်ကြောင်း သိထားသင့်သည်။ အစိုးရအနေဖြင့် လူမှုရေး တရားမျှတမှုရှိစေရန် အလုပ်အကိုင်များ ဖန်တီးဖော်ဆောင် ပေးနေခြင်းသာဖြစ်ကြောင်း သိရှိထားရမည်။ ဆိုရှယ်လစ် ဒီမိုကရေစီလမ်းစဉ်တွင် အလုပ်သမားလူတန်းစားများ အပြည့်အဝ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ အခွန်အခများလျော့နည်းလာခြင်းအတွက် ဖြစ်ပေါ်လာသော ခါးသီးသည့် ပဋိပက္ခများကို ဖြေရှင်းတတ်ရန် လမ်းညွှန်ထားပြီးဖြစ်၏။ ယခုခေတ်၌လည်း စီးပွားရေးစနစ်ကို ဆန့်ကျင်ခြင်း၊ ဘဏ်လုပ်ငန်းများကို ဆန့်ကျင်ခြင်းတို့ကို ဆိုရှယ်ဒီမိုကရက်များအနေဖြင့် လေ့လာသင်ယူပြီး စီးပွားရေးတိုးတက်ကောင်းမွန်စွာဖြစ်ပေါ်လာရေးကို ဂရုပြုဆောင်ရွက်ရမည်။

ကမ္ဘာ့မှုပြုခြင်းကြောင့် ပွင့်လင်းသော စီးပွားရေးဈေးကွက်အကြောင်း ရှင်းလင်းပြောရလျှင် ဥရောပနိုင်ငံများရှိ ဆိုရှယ်ဒီမိုကရက်များအနေဖြင့် လက်ဝဲဝါဒီတို့၏လမ်းစဉ်ကို စွန့်လွှတ်လျှင် အကောင်းဆုံးဖြစ်သွားနိုင်သည်။ Venezeula နိုင်ငံသမ္မတ Hugo Chavez ၏ ဆောင်ရွက်ပုံများကို လေ့လာလျှင် ရှင်းလင်းစွာ မြင်တွေ့နိုင်သည်။ နောက်ဆုံးပေါ် ဖက်ရှင်တစ်ခုမှာ တရုတ်နိုင်ငံသည် လက်ဝဲယိမ်းနိုင်ငံဖြစ်သော်လည်း ဈေးကွက်စီးပွားရေးစနစ်ကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်သည်ကို အတုယူနေကြခြင်း ဖြစ်၏။ တရုတ်နိုင်ငံ၏ ဒီမိုကရေစီရေးလှုပ်ရှားမှုများကို ရက်စက်စွာ နှိပ်ကွပ်နေမှုများကို သတိထား အလေးမမူကြောင်း တွေ့နိုင်သည်။ Stalin ကို ချစ်ခင်မြတ်နိုးသူများက (၁၉၃၀) ခု ပတ်ဝန်းကျင်နှစ်များအတွင်း Stalin ၏ ဆိုရှယ်လစ်စနစ် တည်ဆောက်ခဲ့ပုံများကို ချီးကျူးလေ့ရှိပြီး ယနေ့ခေတ် ဆိုရှယ်ဒီမိုကရက် ပုဂ္ဂိုလ်များသည် မှားယွင်းသော စီစဉ်သုံးသပ်မှုများနှင့် မှားယွင်းသော ခေါင်းဆောင်မှုများကို လေးစားကြည်ညိုနေကြခြင်း ဖြစ်၏။ သူတို့သည် အီရတ်စစ်ပွဲကိုဆန့်ကျင်ရန် လှုံ့ဆော်နေကြချိန်၌ မဲဆန္ဒရှင်များသည် စစ်ဆန့်ကျင်ရေးသမား တစ်ဦးဖြစ်သည့် Gerhard Schroder အား လက်မခံခြင်းကို မြင်တွေ့နေရခြင်းနှင့် Saddam Hussein ကို ရာထူးမှ ဖယ်ရှားရန် တိုက်ခိုက်နေကြသည့် Blair သို့မဟုတ် Berlusconi တို့ ပြန်လည်ရွေးကောက်ခံခြင်းနှင့် အီရတ်၌ ရွေးကောက်ပွဲများ ပြုလုပ်နေခြင်းမျိုးကို သတိပြုမိကြရန် လိုသည်။

ယခုကဲ့သို့ ရေးသားဖော်ပြခြင်းမှာ လက်ဝဲဝါဒီတို့အတွက် မျှော်လင့်ချက်

mgyoe.com

mgyoe.com


မရှိကြောင်း ပြောဆိုနေခြင်းမျိုးမဟုတ်ကြောင်း သိထားသင့်သည်။ ဥရောပနိုင်ငံများရှိ ခေါင်းဆောင်များသည် သာမန်အခြေအနေ၌ ရှေးရိုးစွဲဝါဒီများဖြစ်နေလေ့ရှိကြသော်လည်း သူတို့သည် လူအများကလက်ခံသော ဆိုရှယ်ဒီမိုကရက်တစ်များဖြစ်နေသည့်အပြင် ပေါင်းစပ်စီးပွားရေး (Mix Economy) ပုံစံများအတိုင်း ကျင့်သုံးနေကြသူများ ဖြစ်ကြသည်။ အစိုးရသည် နောက်ကွယ်၌ရှိနေပြီး တကယ်အလုပ်လုပ်နေကြသူများမှာ လက်ယာဝါဒီများ ဖြစ်ကြသည်။ သို့သော် လက်ယာပါတီများမှာ ရွေးကောက်ပွဲ၌ ပြတ်ပြတ်သားသားအနိုင်ရသော ပါတီများ မဟုတ်ကြောင်း တွေ့ရပြန်သည်။ Sarkozy သည် တိုင်းပြည်ကို အုပ်ချုပ်နိုင်ခြင်းမှာ အစိုးရအဖွဲ့အတွင်းသို့ ထက်မြက်သော ဆိုရှယ်လစ်တစ်ဦးဖြစ်သည့် Bernard Kouchnar၊ လူဝင်မှုကြီးကြပ်ရေးဌာနဝန်ကြီး Eric Hirsch ကဲ့သို့ လူမျိုးများပါဝင်လာ၍ဖြစ်ကြောင်း တွေ့ရ၏။ ဂျာမနီနှင့် နယ်သာလန်နိုင်ငံများ၌ ဆိုရှယ်ဒီမိုကရက်တို့သည် အလယ်အလတ်လမ်းစဉ်ဝါဒီတို့နှင့် ပူးတွဲဆောင်ရွက်နေရသည်။ အင်္ဂလန်နိုင်ငံ၌ ရှေးရိုးစွဲဝါဒီတို့၏ ခေါင်းဆောင် David Cameron အနေဖြင့်အခွန်ငွေတိုးမြှင့်ရေးနှင့် ပြည်သူများသုံးစွဲနိုင်မှု လျှော့ချရေးကို မဆောင်ရွက်နိုင်သည့်အကြောင်းမှာ ရှေးရိုးစွဲပါတီဝင်တို့၏အခြေအနေကို လေ့လာ သုံးသပ်နေရသောကြောင့်ဖြစ်သည်။ အဓိပ္ပာယ်မှာ ဆိုရှယ်ဒီမိုကရက်တို့၏ မူဝါဒများကို မှီငြမ်း သုံးစွဲနေရသည်ဟူ၍ဖြစ်၏။

လက်ဝဲဝါဒီတို့အတွက် မျှော်လင့်ချက်ရောင်ခြည် မြင်တွေ့နေရသည့် Nordic နိုင်ငံသည် ရှေးဦးကာလကပင် ဆိုရှယ်ဒီမိုကရက်တို့၏ပုံစံကို ဖန်တီးဖော်ဆောင်ခဲ့ကြသည့် နိုင်ငံများ ဖြစ်၏။ ဆွီဒင်၊ ဒိန်းမတ်နှင့် ဖင်လန်နိုင်ငံများ၌ မိန်းမငယ်များသည် ပါတီခေါင်းဆောင်မှုအပိုင်းတွင် ပါဝင်လှုပ်ရှားလာကြပြီး ပါဝါရရှိရေးကို အလေးထားလာကြသူများ ဖြစ်သည်။ သူမတို့သည် ဆန္ဒပြမိန့်ခွန်းများကို ပြောဆိုနေသူများ မဟုတ်ကြချေ။ ဒိန်းမတ်၌ ကလေးနှစ်ယောက်အမေ Helle Thorning-Schmidt သည် သူမ၏ပါတီအား နိုင်ငံရေးအာဏာ ပြန်လည်ရရှိစေရန် ဆောင်ရွက်ပေးခဲ့သည်။ သူမသည် ဥရောပပါလီမန်၌ ယခင်က သုတေသနမှူးတာဝန် ထမ်းဆောင်ခဲ့သူဖြစ်၍ ဘာသာစကားသုံးမျိုးကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူ ဖြစ်သည်။ သူမသည် ဆိုရှယ်ဒီမိုကရက်ပါတီ၌ မျက်နှာသစ်တစ်ဦးဖြစ်ပြီး ခင်ပွန်းမှာ ဗြိတိသျှနိုင်ငံသားတစ်ဦးလည်းဖြစ်၏။ ထိုနိုင်ငံများသည် နိုင်ငံရေးစင်မြင့်ပေါ်၌ နေရာပြန်လည်ရရှိရေးအတွက် တစ်ပါတီတည်းဖြစ်စေ၊ အခြားအင်အားကြီးမားသည့် အလယ်အလတ် လမ်းစဉ်ပါတီများဖြစ်သည့် ဗြိတိန်

mgyoe.com

mgyoe.com


နိုင်ငံမှ လစ်ဘရယ်ဒီမိုကရက် (Liberal Democrat) ပါတီ၊ ပြင်သစ်နိုင်ငံမှ ဒီမိုကရက်တစ်လှုပ်ရှားမှုအဖွဲ့ (Democratic Move-ment) နှင့် ဂျာမနီနိုင်ငံမှ လွတ်လပ်သော ဒီမိုကရက်အဖွဲ့ (Free Democrat) များနှင့် ပူးပေါင်းပြီး လက်ယာဝါဒီများ ကြီးစိုးနေမှုကို တိုက်ဖျက်ရန် စီစဉ်နေကြသည်။ သူတို့သည် နိုင်ငံရေးတွင် တိုးတက်မှုရှိသော ပါတီများနှင့် ပြုပြင်ပြောင်းလဲရေးကို လိုလားသည့် ပါတီများကို မဟာမိတ်ပြုလုပ်ပြီး ညွန့်ပေါင်းအဖွဲ့ ဖွဲ့စည်းရန် ကြိုးစားလာကြပြီး ထိုညွန့်ပေါင်းအဖွဲ့သည် ဥစ္စာခနကြွယ်ဝရေးကို လိုလားသောပါတီများကို နှစ်သက်မှုမရှိခြင်း၊ တစ်ဦးတည်းနေသော သားသည်မိခင်များ၏ စိတ်ဓာတ်ကို မြှင့်တင်ပေးခြင်း၊ တစ်ခါတစ်ရံ၌ နိုင်ငံခြားများအပါအဝင် ဥရောပ စိတ်ကြီးဝင်နေသော အမျိုးသားရေးဝါဒီများကို ရှေးရိုးစွဲအစဉ်အလာများမှ ခွဲထွက်ရန် လုပ်ဆောင်လာကြသည်။

ဆိုရှယ်ဒီမိုကရေစီသည် လွန်ခဲ့သောနှစ် (၁၀၀) ခန့်ကစပြီး ဂန္တဝင်မြောက်သည့် လစ်ဘရယ်ဝါဒီ (Liberalism) တို့ထံမှ ခွဲထွက်လာခြင်း ဖြစ်သည်။ ထိုကဲ့သို့ ခွဲထွက်လာရခြင်းမှာ လစ်ဘရယ်ပါတီဝင်တို့သည် အမြင်ကျဉ်းမြောင်းသည့် လူလတ်တန်းစားတို့၏အကျိုးကို အလုပ်သမားကိုအခြေခံပြီး ကာကွယ်ပေးခဲ့သောကြောင့် ဖြစ်သည်။ အခြေအနေအရပ်ရပ်ကို ပြန်လည်ပုံသွင်းနိုင်ရန်မှာ ညွန့်ပေါင်းအဖွဲ့ကို ပါဝါရရှိအောင် ဆောင်ရွက်နိုင်ရေးသည် အကောင်းဆုံးနည်းပင် ဖြစ်သည်။ သို့သော် ဤတစ်ကြိမ်၌ ဆိုရှယ်ဒီမိုကရေစီဝါဒီတို့ သိထားရမည့်အချက်မှာ သမိုင်းသည် သူတို့ဘက်၌မရှိခြင်း ဖြစ်သည်။ သူတို့ဘက်၌ ရှိစေလိုပါက ညစ်ပတ်သည့် အရေခွံဟောင်းများကို စွန့်ပစ်ခြင်း၊ စီးပွားရေးတိုးတက်မှုကို အဓိက ဦးစားပေးပြီး ပြန်လည်ဖြန့်ဖြူးရေးကို ဒုတိယအဆင့်၌သာ ရှိနေစေခြင်း၊ အကယ်၍ လက်ဝဲဝါဒီတို့သည် စီးပွားရေးအဖွဲ့အစည်းများကို ရန်သူသဖွယ် ဆက်ဆံခြင်း၊ ပင်လယ်ရပ်ခြားတိုင်းပြည်များ၌ ကုန်ပစ္စည်းများထုတ်လုပ်ခြင်းနှင့် နိုင်ငံခြားသားများကို အလုပ်သမားများအနေဖြင့် နိုင်ငံတွင်းသို့ ဝင်ရောက်စေခြင်းများ တွေ့ရှိပါက သဘောထားတင်းမာသော ရန်လိုသူတို့အကြိုက် ဖြစ်သွားမည်ကို သတိပြုထားသင့်သည်။ သို့သော်လည်း မဲဆန္ဒရှင်များ၏ အစဉ်တစိုက် ငြင်းပယ်မှုကိုခံသွားရနိုင်သည်ကိုလည်း မမေ့မထားသင့်ချေ။

ဝ

mgyoe.com

mgyoe.com

# ပါဝါနှင့် မဟာဗျူဟာ

3rd August 2009

[ ၁ ]

ဘာသာရပ်ဆိုင်ရာဟောပြောပွဲကို တစ်နှစ် (၂) ကြိမ်ထက် ပိုမပြောဖြစ်၊ အချိန်နည်းပါးခြင်းက တစ်ကြောင်း၊ အခြားကန့်သတ်ချက်များကြောင့် တစ်ကြောင်း၊ သည့်ထက်ပိုပြောရန် မဖြစ်နိုင်။ မန္တလေးက ဖိတ်တော့ ခရီးကဝေးသဖြင့် ခပ်အင်အင်၊ သို့သော် လက်ခံဖြစ်လိုက်ပါသည်။ ရန်ကုန်တွင် ဟောပြောပွဲများ မများပေမင့် ... ရှိသင့်သလောက်ရှိသော်လည်း မန္တလေးမှာ လွန်စွာ နည်းပါးသော ကြောင့် လက်ခံလိုက်ရ၏။ ရောက်ပြန်တော့လည်း မငြင်းသာတော့၊ လိုသူပေးရ ခြင်းက ပိုသင့်သည်ဟု ယူဆသည်။

ခေါင်းစဉ်တောင်းတော့ "Power & Strategy" ဟု ပေးလိုက်၏။ ယုန်ထင်ကြောင်ထင်၊ မခက်ခဲအောင် ပြင်ပေးပါဟု တောင်းဆို၍ "Economic Power and Strategy" ဟု ပြောင်းလိုက်သည်။ ပြောရန် ဘောင်ကျဉ်းသွား၏။ ဖွယ်ဖွယ်ရာရာဖြစ်ရန် Power Point တွင် Slide (၆၀) ကျော်ပြင်ရသည်မှာ မသက်သာ၊ ဤကိစ္စ ရုံးအဖွဲ့ခိုင်း၍မရ၊ ကိုယ်တိုင်လုပ်ရသည်၊ အချိန်က ကောင်း စွာ ခွင့်မပေး။

အနားနီး ခရီးထွက်ရန် တစ်ရက်လိုမှ Entrepreneurship သင်တန်း အတွက် Lecture တစ်ချိန် ထပ်တောင်းဆို၍ Slide (၂၀) ခန့် ကမန်းကတန်း ထလုပ်ရသေးသည်။ မနက်နှစ်ချက်တီးမှ အိပ်ရာဝင်ရတော့သည်။ စီစဉ်သူ ကိုဇော်မင်းထွန်းက ရေပက်မဝင်၊ ရောက်သည့်ညနေမှာ သင်တန်းအတွက်

mgyoe.com

နှစ်နာရီကျော် လက်ချာတစ်ခု ပေးရသည်။ Main Sponser ပေးသည့် Crown Education အတွက် သူ့ဝန်ထမ်းများကို Motivation နှင့် လက်တွေ့ တွေး ခေါ်နိုင်မှုအတွက် တစ်နာရီကျော် အမြည်းပေးလိုက်ရ၏။ Main Event က (၄) နာရီ ကြာသွားသည်။ ပြောချိန်က (၃) နာရီ၊ အမေးအဖြေက (၁) နာရီ ကျော်၊ အခန်းပြန် ရေချိုးပြီး ညစာစားစဉ် Free Discussion က ည (၁၀) နာရီကျော်သွားသည်။ တစ်ရက်၊ တစ်ညနေမှာ (၄) ပွဲ ကြိတ်လိုက်ရသည်။ တစ်နှစ် နှစ်ခါပြောရသည်ထက် ပိုပင်ပန်းသွား၏။ သို့သော် ပီတိစားလိုက်ရသည်။

မန္တလေး 'SWAN' ဟိုတယ်က လူ (၂၅၀) သာ ဆံ့သည်ဟု ဆိုသည်။ ခုံတွေ ဘေးချင်းကပ်၊ အတန်းစိပ်လိုက်ပြီး အရေးပေါ်ခုံ ထပ်ထည့်ရာ (၄၀၀) နီးပါး နေရာချထားနိုင်ခဲ့သည်။ တချို့ မတ်တတ်ရပ်ကြရသည်၊ နေရာမရှိ၍ ပြန် သွားကြရသည်က လူ (၁၀၀)ကျော်ခန့်ဖြစ်၍ အားနာရသေးသည်။

* * *

ဈေးကွက်စီးပွားရေး နှစ် (၂၀) နီးပါး အဖြတ်အသန်းမှရရှိခဲ့သော အတွေ့ အကြုံတို့က ကောင်းစွာ သီအိုရီတို့ကို အထောက်အပံ့ပေး၏။ ဥပမာပေး ပို၍ အသက်ဝင်သည်ဟု ခံစားရသည်။ စီစဉ်သူက 'စီးပွားပါဝါ၊ စီးပွားဗျူဟာ' ခေါင်း စဉ်ဖြင့် ကြေညာထား၍ ဘောင်ထဲမှမလွတ်ရန် ပြောရသည်။

ဦးဆုံး စီးပွားပါဝါမသွားခင် အခြေခံကျသော 'ပါဝါ' နှင့်ပတ်သက်သည့် ဝေါဟာရကို ရှင်းရသည်။ မြန်မာလို တန်ခိုး၊ သြဇာ၊ ပါဝါဟု နားလည်ကြသည်။ အစွမ်းတစ်ခု၊ သတ္တိတစ်ခုဟုလည်း နားလည်နိုင်သည်။ ပါဝါကို ရှုထောင့်တစ်ခု တည်းမှ ကြည့်၍မရ၊ အားလုံးတစ်သဘောတည်း လက်ခံသော အဓိပ္ပာယ်ဖွင့်ဆို ချက်လည်း မရှိချေ။ ပုဂ္ဂလိကရှုထောင့်၊ စီးပွားရေးရှုထောင့်၊ လူမှုရေးရှုထောင့်၊ နိုင်ငံရေးရှုထောင့်၊ စစ်ရေးရှုထောင့် စသဖြင့် ကွဲပြားသောရှုထောင့်များမှ ပါဝါ၏ အဓိပ္ပာယ်အမျိုးမျိုး ကွဲပြားလာပါသည်။

တချို့ပေးဖြစ်သော ဥပမာမှာ ...

- "the ability to influence the behaviour of others"
- "the capacity to restructure the actual situation"
- "Power is not power over others" (not forcing to do)
- "Power is ability to get things done" (inspiring to do)

mgyoe.com

mgyoe.com


- "An action over the actions"
- "Supremacy"

ဤသို့ ကွဲပြားခြားနားစွာ Power ကို ရှုမြင်ကြသည်။ လူမှုရေး၊ စီမံခန့်ခွဲရေး၊ နိုင်ငံရေး၊ စစ်ရေးရှုထောင့်မှ ရှုမြင်သောအဓိပ္ပာယ်များ ဖြစ်၏။ မည်သည့် ဖွင့်ဆိုချက်က မည်သည့်ရှုထောင့်ကိုတော့ ရှင်းပြဖြစ်ခဲ့သည်။

* * *

'မွေး' သည်မှစ၍ 'သေ' သည်အထိ ဘာပါဝါမှ မပိုင်ဆိုင်လိုက်ကြသူတွေ ရှိ၏။ များပြားလှသော ပါဝါများအနက် အချို့သောပါဝါတို့ကို ပိုင်ဆိုင်နိုင်သည်၊ ပိုင်ဆိုင်ခွင့်ရှိသည်ဟု ပြောသောအခါ ပရိသတ်မျက်လုံးတို့ ကျယ်ဝိုင်းလာသည်ကို သတိထားမိသည်။ အနည်းအကျဉ်းသော ပါဝါအမျိုးအစားကို ပြဖြစ်သည်။

- Personal Power
- Social Power
- Positional Power
- Constitutional Power
- Economic Power
- Military Power
- Political Power
- Technoligical Power
- National Power ... etc ...

ကျွန်တော်တို့ ဘယ် ပါဝါအမျိုးအစားတွေကို ပိုင်ဆိုင်ကြပါသနည်း ... မည်မျှသော ပါဝါတို့ကို ရရှိအောင် ကြိုးစားနိုင်ပါသနည်း ...

လူတိုင်းသည် အနည်းဆုံး ပုဂ္ဂလိက ပါဝါဟူသော Personal Power ကိုတော့ ပိုင်ဆိုင်သင့်သည်။ Positional Power နှင့်တွဲ၍ ဥပမာပေးဖြစ်၏။ ပုဂ္ဂလိကပါဝါက သေမှပျက်ပြီး Positional Power ဟူသော ဌာနသန္တရပါဝါက အချိန်မရွေး ပျက်စီး၊ ဆုံးပါးနိုင်ကြောင်း ပါဝါတို့၏သဘောကို ရှင်းပြရသည်။

mgyoe.com

ကမ္ဘာကျော် အထင်ကရပုဂ္ဂိုလ် (၈)ဦးတို့၏ပုံကို ၎င်းတို့ပိုင်ဆိုင်ကြသော ပါဝါတို့နှင့်တွဲ၍ Slide ပြရသေးသည်။

| | |
|---|---|
| မဟတ္တမဂန္ဒီ | Charismatic Power |
| ချာချီ | Political Power |
| စတီဂျော့(ချ်) | Innovative Power |
| ပီတာဒရပ်ကာ | Management & Visionary Power |
| အိုင်စတိုင်း | Intuitive Power |
| မာသာထရီဇာ | Social Power |
| ကားလို့(စ်)ဂျုံး | Management Power |
| အိုင်ယာကော့ကာ | Management & Innovative Power |

ပါဝါတွေ အများချည်းပါလားဟု မန္တလေးလူထုသဘော ကောင်းစွာ ပေါက်သည်ဟု ယူဆသည်။ ပါဝါသည် အမှန်သုံးတတ်ရန်သာဖြစ်ပြီး အမှားသုံးဖြစ်လျှင် အန္တရာယ်ရှိသည့်အရာကိုလည်း မမေ့အောင် သတိပေးရပြန်သည်။

If not in right use:-

Political power is inherently dangerious in a free society. It threatens the rule of law, and thus threatens our fundamental freedom.


* * *

ပါဝါကြီးတွေအားလုံးသည် အခြေခံ ပုဂ္ဂလိကပါဝါမှသာ အစပြုကြရသည်။ တစ်ဦးချင်းပါဝါမှ မိသားစုပါဝါ၊ Organizational Power ၊ ထိုမှ ... ထိုမှ National Power တို့ကို အဆင့်တိုး၍ရသွားခြင်း ဖြစ်သည်။ အမျိုးသားပါဝါ အဆင့်တွင် စီးပွားရေးပါဝါ (Economic Power) ရရန် Macro-economy တွင် အစိုးရများအနေဖြင့် မည်သည့်နေရာတွင် မည်သို့ရှိသင့်သည်ကို ရှင်းပြဖြစ်သည်။ ခပ်ရှင်းရှင်း Diagram ဖြင့် ဥပမာပေးဖြစ်သည်။

mgyoe.com

mgyoe.com


## The State's (govt) position in the economy




## As the coach not as captain

အစိုးရတစ်ရပ်သည် "As a coach" ဟူသည့် ထိန်းကျောင်း၊ လမ်းပြအဖြစ်အနေဖြင့်သာ ရှိသင့်ပြီး "Not as captain" ဟူသော အရာရာကို ချုပ်ကိုင်သည့်အနေအထားတွင် မရှိသင့်ချေ။ ဈေးကွက်စီးပွားကို ဖော်ဆောင်သဖြင့် ဈေးကွက်၏ ဥပဒေနှင့်ဝိသေသတို့ကို လိုက်နာကျင့်သုံးသင့်သည်။

Newsweek အယ်ဒီတာအဖြစ် ရာထူးတိုးသွားသော အိန္ဒိယသား Fareed Zakaria ၏ The Post American World အကြောင်း မိတ်ဆက်ကြော်ငြာဝင်ရသေးသည်။ ဤစာအုပ်သည် အမေရိကန်တို့၏ စီးပွားရေးပါဝါကျဆုံးခန်း ဟုတ်–မဟုတ်ကို သုံးသပ်ထင်မြင်ချက်ပေးထားသော စာအုပ်ဖြစ်၏။ 'အမေရိကန်အလွန်' အဓိပ္ပာယ်ရသော ဤစာအုပ်က စီးပွားရေးတစ်ဟုန်ထိုး တိုးတက်လာသော တရုတ်နှင့်အိန္ဒိယတို့၏ လားရာနှင့် ထိုနိုင်ငံများ၏ အားသာချက်၊ အားနည်းချက်တို့ကို ခပ်ကြမ်းကြမ်း ဖော်ပြပေးသည်။ (၁၆)ရာစုခန့်က ယဉ်ကျေးမှုတွင်သာမက နည်းပညာပါ တစ်ချိန်က အလွန်တိုးတက်ခဲ့သော တရုတ်တို့သည် ရှေးမင်းတစ်ပါး၏ အမြင်ကျဉ်းမြောင်းမှုနှင့် စီမံခန့်ခွဲမှု အားနည်းခဲ့သောကြောင့်

mgyoe.com

mgyoe.com

တရုတ်တို့ များစွာ နောက်ကျန်ရစ်ခဲ့ကြကြောင်းကိုလည်း သမိုင်းရှုထောင့်က တင်ပြထားသည်။

"The rest of the world" ဟူသောအသုံးသည် Zakaria ၏ အောင်မြင်သောအသုံး ဖြစ်ခဲ့၏။ တတိယနိုင်ငံတို့ကို ထည့်သွင်းခဲ့ဟန်မတူ၊ တစ်စုံတစ်ရာအဆင့်ထိ စီးပွားရေး အားကောင်းမောင်းသန်ကြသည့် Second Tier ဟူသော ဒုတိယအဆင့်နိုင်ငံတို့ကိုသာ ကိုယ်စားပြုပုံရသည်။ ထွန်းသစ်စ BRIC ဟူသော (Brazil, Russia, India နှင့် China)တို့၏ Economic Power တို့ကို အတော်အတန် သုံးသပ်ထားပါသည်။ အမေရိကန်၏ ဧကဝင်ရိုးခေတ်မှ Multi-poler သို့ အရွေ့တစ်ခုအတွက် ကြိုးစားကြပုံသည်လည်း စိတ်ဝင်စားစရာ ဖြစ်သည်။ ရည်မှန်းချက်ကြီးသူများ၊ ပါဝါကြီး ပိုင်ဆိုင်လိုသူများ ဖတ်သင့်သော စာအုပ်ဖြစ်၏။

ပါဝါအယူအဆနှင့် ပါဝါအရွေ့တို့ အတိတ်တွင် ထင်ရှားစွာ ဖြစ်ခဲ့၏။ ပါဝါတို့လည်း သီးခြား မဖြစ်တည်ကြ၊ နိုင်ငံအဆင့်တွင် ပါဝါတို့ ဆက်စပ်ယှက်နွယ်ကြသည်။ Economic Power နှင့် Political Power တို့ အဆက်အစပ်ရှိကြသည်။ ဤတွင် Politic ဆိုသောအဓိပ္ပာယ်ကို ရှင်းရသည်။

'လူသည် နိုင်ငံရေး၏ သားကောင်'ဟု ဆိုကြသည်။ စား၊ ဝတ်၊ နေ၊ ရေး အတွက် ရုန်းကန်လှုပ်ရှားမှုသည်ပင်လျှင် နိုင်ငံရေးဟု သဘောထား၏။ ဤက အခြေခံအဓိပ္ပာယ်။ Party Politic နှင့် National Politic ကြား နယ်နမိတ် သတ်မှတ်၍ National Politic ရှုထောင့်မှ နိုင်ငံရေးကို တစ်ဆင့်မြင့် အဓိပ္ပာယ်ဖွင့်ခဲ့သည်။

"Politic" ... is the process by which group of people make decisions. The term in generally applied to behaviour within civil government. Political Power ... (in perium – in Latin) ... is a type of power held by a group in a society which allows administration of some or all of public resources, including labour and wealth.

နိုင်ငံရေးပါဝါဆိုသည်မှာ အရင်းအမြစ်များ၊ လုပ်အားနှင့် ဓနတို့ကို စီမံခန့်ခွဲနိုင်မှု ဖြစ်၏။ လက်တင်မှ ဆင်းသက်လာသည်။ ဤဖွင့်ဆိုချက်က နိုင်ငံတစ်နိုင်ငံအတွင်းသာ သက်ဆိုင်သည်၊ ဒေသနှင့် ကမ္ဘာ့ဇာတ်ခုံတွင်မူ နိုင်ငံရေးပါဝါ၏ အဓိပ္ပာယ်သည် ပို၍ ကျယ်ပြန့်တော့၏။

mgyoe.com

mgyoe.com


နိုင်ငံရေးပါဝါအဆင့်တွင် ထုထည်ကြီး၏၊ အားကောင်း၏၊ အမုန်သုံးသကဲ့သို့ အလွဲသုံးလည်း ဖြစ်နိုင်သည်။ ထိုသောအခါ နိုင်ငံများအတွက် ပါဝါမဏ္ဍိုင်ကြီး (၃) ခုကို ခွဲထုတ်လိုက်ရသည်။ အစိုးရကို အုပ်ချုပ်မှုအာဏာကိုပေးပြီး ကျန် ပါဝါများကိုဆိုင်ရာသို့ အပ်နှင်းသည်။ Seperation of Power ဟု ခေါ်သည်။ အများသိသည့် ...

- Legislative Power (ဥပဒေပြုရေး)
- Executive Power (အုပ်ချုပ်ရေး)
- Judicial Power (တရားစီရင်ရေး)

ထိုပါဝါများ တစ်ခုကိုတစ်ခု လွှမ်းမိုးမခံရ၊ ပူးပေါင်းမှုရှိသော်လည်း စိုးမိုးသြဇာသက်ရောက်မှု မရှိစေရ၊ ထို ပါဝါများ သီးခြားရှင်သန်နိုင်မှုရှိခြင်းကပင် ဒီမိုကရေစီသဘောဆောင်သည်။ နိုင်ငံရေးနှင့် နှစ်ပေါင်းများစွာက ကင်းကွာခဲ့သောလူငယ်များအတွက် ကမ္ဘာ့နိုင်ငံအစိုးရများ၏ အဓိကအုပ်ချုပ်မှုစနစ်နှစ်ခုကို သဘောမျှ ခပ်ပါးပါး မိတ်ဆက်ပေးနိုင်ခဲ့သည်။

- Presidential System (သမ္မတစနစ်)
- Parliamentary System (ပါလီမန်စနစ်)

သမ္မတစနစ်တွင် အစိုးရအဖွဲ့၌ သမ္မတ၊ ဒုတိယသမ္မတနှင့် ဝန်ကြီးအဖွဲ့ရှိသည်။ ပါလီမန်စနစ်တွင် အစိုးရအဖွဲ့၌ ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးချုပ်နှင့် ဝန်ကြီးများ ရှိသည်။ သို့သော်လည်း တရုတ်၊ ရုရှားတို့တွင် သမ္မတနှင့် ဝန်ကြီးချုပ်တို့ကို တွဲဖက်ထားပြန်သည်။ ဗဟုသုတမိတ်ဆက်နိဒါန်းမျှထက် ပိုမပြောနိုင်။

* * *

[၂]

ယနေ့ ခေတ်စားနေသော ပါဝါအမာ၊ ပါဝါအပျော့၊ စမတ်ပါဝါတို့အကြောင်း အတန်အသင့် ရှင်းပြရန် လိုမည်ထင်၍ ပြောဖြစ်သည်။

Hard Power

Hard Power refers to coercive tactics: the threat or use of armed forces, economic pressure or sanctions, assisination ... etc ...

mgyoe.com

mgyoe.com

ပါဝါအမာသည် အင်အား၊ လက်နက်အခြေခံအသုံးပြုနည်း ဖြစ်သည်။ စီးပွားရေးဖိအား၊ ပိတ်ဆို့မှုတို့ပါဝင်သည့်အပြင် လုပ်ကြံသတ်ဖြတ်မှုများပါ ပါဝင်သည်။

Soft Power

Means of exercising Soft Power includes diplomacy, dissemination of information, analysis, propanganda, and cultural programming to achieve political ends.

ပါဝါအပျော့က သိမ်မွေ့သည်၊ သံရေးတမန်ရေးလမ်းကြောင်းကို အဓိက ထား၏။ ဝါဒဖြန့်ချိရေး၊ ယဉ်ကျေးမှု တစ်ရပ်ကို စီစဉ်သွတ်သွင်းခြင်းတို့ ပါဝင် ပါသည်။ ထောက်လှမ်းရေးကိစ္စ ဆောင်ရွက်ခြင်း၊ ဆူပူမှု၊ အုံကြွမှုတစ်ခုကို ဖန်တီး ပေးခြင်းများ အကြုံးဝင်၏။ နောက်ပိုင်း နိုင်ငံတော်တော်များများက ကျင့်သုံးကြ သော ပါဝါအမျိုးအစား ဖြစ်သည်။

Smart Power

မြန်မာမှုတွင် စမတ်ပါဝါဟု အသုံးများသည်ကို တွေ့ရပါသည်။ "The ability to obtain what you want through cooperation and attraction rather than Hard & Soft". ပထမပါဝါနှစ်မျိုးလုံးကို သင့်လျော်သလိုသုံးပြီး ဆွဲဆောင်မှု၊ ပူးပေါင်းမှုတွေနှင့် ကိုယ်လိုချင်သည်ကို ဖြစ်အောင်လုပ်နိုင်သောပါဝါ ဖြစ်သည်။ 'မုန့်နှင့်တုတ်'တွင် Smart က နှစ်ခုလုံး သုံးသင့်သလို သုံး၏။ နိုင်ငံရေး သြဇာ၊ စီးပွားရေးသြဇာကြီးသော နိုင်ငံများတွင်သာ ထိထိရောက်ရောက် သုံးနိုင် ကြောင်း တွေ့ရသည်။

ပါဝါပျော့အရေးပါမှု

Soft Power ကို နောက်ပိုင်း အသုံးများလာကြောင်း တွေ့ရ၏။ ဒုတိယ ကမ္ဘာစစ်နောက်ပိုင်း နိုင်ငံတစ်ခုကို စစ်တိုက်မှု ဖြစ်နိုင်ခြေ အလွန်နည်းပါးလာ ပါသည်။ ပါဝါပျော့ဖြင့်သာ လိုအပ်သလို ခြယ်လှယ်ရန် ကြိုးစားလာကြသည်။ ပါဝါပျော့၏အရေးပါပုံကို တရုတ်သမ္မတကြီး ဟူကျင်တောင်က (၂၀၀၇) ခုနှစ် (၁၇) ကြိမ်မြောက် ကွန်မြူနစ်ပါတီကွန်ဂရက်တွင် ထုတ်ဖော်ခဲ့သည်။ တရုတ်တို့၏ ပါဝါပျော့ကို တိုးတက်ဆောင်ရွက်ရန် ဖြစ်သည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီး

mgyoe.com

mgyoe.com


Robert Gates ကလည်း အမေရိကန်တို့၏ ပါဝါပျော့ကို တိုးတက်အားဖြည့်ရန် ပြောကြားခဲ့သည်။ ပါဝါပျော့၏ အရေးပါမှုအနေအထားကို ကောင်းစွာ တွေ့နိုင်ခြင်း ဖြစ်သည်။

အမျိုးသားပါဝါ

နိုင်ငံအဆင့်တို့တွင် အမျိုးသားပါဝါ (National Power) ကို အဓိပ္ပာယ်ဖွင့်ရာမှာ ...

... is also used to decribe the 'Resources' and 'Capabilities' of state. "Power is the capacity to direct the decisions and actions of others. Power derives from strength and will. Strength comes from the transformationof resources into capacities".

အရင်းအမြစ်များနှင့် ဆောင်ရွက်နိုင်စွမ်းရည်တို့ကို အမျိုးသားပါဝါဟု ဆိုသည်။ ပါဝါတို့သည် အင်အားနှင့် စိတ်ဆန္ဒတို့မှ ဖြစ်ပေါ်လာ၏။ အင်အားဆိုသည်မှာလည်း ရင်းမြစ်တို့ကို စွမ်းရည်အဖြစ် အသွင်ပြောင်းခြင်းမှ ရရှိလာကြောင်း အတိုရှင်းဆုံး သိနိုင်သည်။

ကမ္ဘာ့နိုင်ငံပေါင်း (၂၀၀) ကျော်တို့သည် ကမ္ဘာ့ဇာတ်ခုံတွင် အောက်ပါ ပါဝါအဆင့်တစ်ခုခုကိုရအောင် ကြိုးစားကြသည်။ ထို ပါဝါအဆင့်မဝင်ပါက ကမ္ဘာ့ဇာတ်ခုံတွင် နောက်လိုက်နိုင်ငံတစ်ခုမျှထက် ဘာမှပိုမည်မဟုတ်ချေ။

- Super-mega Power (အသုံးမတွင်ကျယ်တတ်သေး)
- Hyper Power
- Great Power
- Super Power
- Regional Power
- Middle Power

Hyper Power

မဟာအင်အားလွန်နိုင်ငံဟု သတ်မှတ်သည်။ စစ်အေးခေတ်အပြီး အမေရိကန်တစ်နိုင်ငံတည်းသာ ဤအဆင့်တွင် ရှိသည်။ ယခင် သမိုင်းတွင် ဂရိအင်ပါယာ၊ တရုတ်အင်ပါယာ၊ ပါရှင်းအင်ပါယာ၊ ရောမအင်ပါယာနှင့် ဗြိတိသျှအင်ပါယာတို့ ရှိခဲ့ဖူးသည်။

mgyoe.com

mgyoe.com


**Super Power**

(Great Power plus mobility of power)

မြန်မာမှုတွင် စူပါ–ပါဝါဟု အသုံးများသည်။ ယခင်က အမေရိကန်၊ ဆိုဗီယက်ယူနီယံ၊ ဗြိတိသျှတို့ ပိုင်ဆိုင်ဖူးသည်။ ယခုအခါ ဤပါဝါအဆင့်ထိုင်ခုံ လွတ်နေ၏။ အမေရိကန်က တစ်ဆင့်တက်သွားပြီး ကျန်နိုင်ငံများက အဆင့်ကျ သွား၍ဖြစ်သည်။ ယခုအခါ တရုတ်က ဤနေရာသို့ဝင်နိုင်ရန် ကြိုးစားနေသည်။

**Great Power**

သမိုင်းကြောင်းအရ နိုင်ငံရေးအင်အားတောင့်တင်းမှု၊ ယဉ်ကျေးမှုနှင့် စီးပွားရေးဩဇာကြီးသူများကို ဤပါဝါအဆင့်တွင် ထည့်သွင်းကြသည်။ ဤအဆင့်တွင် တရုတ်၊ ပြင်သစ်၊ ရုရှား၊ ဗြိတိသျှတို့ ပါဝင်ကြသည်။ ရုရှားက စူပါ–ပါဝါအဆင့်သို့ ပြန်တက်ရန် ကြိုးစားသည်။

**Regional Power**

Great Power အောက် တစ်ဆင့်နိမ့်ပါဝါမျိုး ဖြစ်သည်။ နှစ်အနည်းငယ်အတွင်း Great Power ပိုင်ရှင်များ ဖြစ်လာနိုင်ကြသောအဆင့် ဖြစ်သည်။ ဩစတြေးလျ၊ ဘရာဇီး၊ ကနေဒါ၊ ဂျာမနီ၊ ဂျပန်၊ အိန္ဒိယ၊ အီတလီ၊ မက္ကဆီကို၊ တောင်ကိုရီးယား၊ စပိန်စသောနိုင်ငံများ ဤပါဝါကို ပိုင်ဆိုင်ကြသည်။

Super-mega Power အဆင့်ကို အမေရိကန်အား တချို့က သတ်မှတ်လိုကြသည်။ အားလုံး သဘောတူညီမှု မရကြသေး။ (၂၀၀၈) ကမ္ဘာ့စီးပွားပျက်နောက်ပိုင်း ဤပါဝါအဆင့်ကို မစဉ်းစားနိုင်ကြတော့ချေ။

**အယူအဆတစ်ရပ်၏အရွေ့**


နိုင်ငံတကာအယူအဆတို့သည် အချိန်အခါအလိုက် ပြောင်းလဲတတ်၏။ သိရန်ကောင်းသောကိစ္စဖြစ်သည်ဟု ထင်သည်။

– (1940s) ကာလများတွင် နိုင်ငံရေးအယူအဆများ လွှမ်းမိုးသည်။ လက်ဝဲ၊ လက်ယာတို့ ထိပ်တိုက်တွေ့ကြသော ကာလဖြစ်၏။ ကွန်မြူနစ်၊ ဆိုရှယ်လစ်များ မိုးဦးကျ မှိုပေါ်သလိုပေါ်လာသောအချိန်လည်း ဖြစ်သည်။ နိုင်ငံရေးအယူ အဆကောင်းသည် စစ်ရေးပါဝါ၏အထောက်အပံ့ဖြင့် ပို၍ထင်ရှားလာသည်။

mgyoe.com

– (1970s) ကာလများတွင် အရွေ့စတင်ဖြစ်လာ၏။ ကွန်မြူနစ်၊ ဆိုရှယ်လစ်နိုင်ငံများ နှစ်ပေါင်း (၃၀) ကျော် ကြာသည့်တိုင်အောင် ဘာမှ ဖြစ်မလာကြဘဲ အရင်းရှင်စနစ်နှင့် ဈေးကွက်စီးပွားရေးကျင့်သုံးသောနိုင်ငံများက တိုးတက်လာသည်ကို တွေ့ရသောအခါ အရွေ့စတင် ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ဤအရွေ့တွင် နိုင်ငံရေးပါဝါသည် စီးပွားရေးပါဝါနှင့် အပြန်ပြန်အလှန်လှန်အကျိုးပြုရင်း ကဏ္ဍတစ်ရပ် ဖြစ်လာတော့သည်။

– (1990s) စစ်အေးကာလသည် ဆိုဗီယက်ယူနီယံ ပြိုကွဲပြီး နိုင်ငံတော်တော်များများ အရင်းရှင်စနစ်ဘက် အရောင်ပြောင်းသည်။ ဈေးကွက်စီးပွားရေး ပို၍ပီပြင်လာ၏။ ဤ တွင် အယူအဆသစ်၌ နိုင်ငံရေးပါဝါသည် စီးပွားရေးပါဝါပေါ် အခြေခံရသည်ဟူသော အယူအဆပေါ် ပို၍ခိုင်မြဲသွားသည်။ ယနေ့ ကမ္ဘာ့နိုင်ငံအားလုံး ဤအယူအဆပေါ် အခြေခံသည်၊ တရုတ်တို့၏ကျင့်သုံးမှုက ပို၍နမူနာပြ ဖြစ်လာသည်။





အပြောင်းအလဲအဖြစ် မန္တလေးမြို့သူမြို့သားတို့ကို ထင်ရှားသော နိုင်ငံတချို့၏ စီးပွားပါဝါအကြောင်း ရှင်းပြဖြစ်သည်။ IMF က ထုတ်ထားသော

mgyoe.com


mgyoe.com

အချက်အလက်များဖြစ်၍ အနီးစပ်ဆုံး မှန်ကန်သည်။ (၁၉၉၀) တွင် အမေရိကန်၏ စီးပွားရေးအရွယ်အစား**သည် တ**ရုတ်တို့ထက် (၃.၅) ဆ ကြီးခဲ့၏။ တစ်ဦးချင်း ဝင်ငွေတွင် တရုတ်**က ($ 1428)**။ အိန္ဒိယက **($ 1400)** ဖြစ်၍ မကွာခြားချေ။




(၂၀၀၅) စာရင်းဇယားများအရ သိသာစွာပြောင်းလဲမှုတို့ ဖြစ်လာခဲ့သည်။ အမေရိကန်နှင့် တရုတ်တို့၏ စီးပွားရေးအရွယ်အစားသည် တစ်ဆခွဲခန့်သာ ကွာတော့သည်။ (၁၉၉၀) က သိပ်မကွာခဲ့သော တရုတ်နှင့်အိန္ဒိယ စီးပွားရေး အရွယ်အစားက (၃) ဆနီးပါးမျှ တရုတ်တို့က ပိုမိုကြီးထွားခဲ့၏။ တစ်ဦးချင်းဝင်ငွေတွင် တရုတ်တို့က ($ 7204) ဖြစ်ပြီး အိန္ဒိယက ($ 3344) ဖြင့် အတော်ကျန်ခဲ့သည်။ တရုတ်တို့၏ GNP က ဂျပန်ကို အများကြီးကျော်ဖြတ်သွားသည်။ တရုတ်တို့ လမ်းကြောင်းမှန်ပေါ်ရောက်ပြီး စီမံကွပ်ကဲမှုကောင်းသဖြင့် စီးပွားရေးပါဝါ တစ်ဟုန်ထိုး တိုးတက်လာသည်ကို တွေ့နိုင်သည်။

mgyoe.com




Goldman Sachs မှ ခရစ်နှစ် (၂၀၅၀) အတွက် ခန့်မှန်းထားချက် ဖြစ်သည်။ အမေရိကန်၏စီးပွားရေး အရွယ်အစားမှာ ($ 35.2 trillion) ဖြစ်ပြီး တရုတ်က ($ 44.5 trillion) နှင့် အိန္ဒိယက ($ 27.8 trillion) ဖြစ်သည်။ တစ်ဦးချင်းဝင်ငွေတွင်တော့ အမေရိကန်က ရှေ့မှပြေးနေဆဲ ဖြစ်၍။ US တစ်ဦးချင်း ဝင်ငွေ ($ 83,000)၊ တရုတ် ($ 31,357) နှင့် အိန္ဒိယ ($ 17,366) ဖြစ်သည်။ အခြားသော အနှောင့်အယှက်များမရှိလျှင် တရုတ်တို့သည် အမေရိကန်ကို ခရစ်နှစ် (၂၀၃၅) ခန့်တွင် စတင်ကျော်တက်မည်ဟု ပညာရှင်များက ခန့်မှန်းထားကြသည်။

[၃]

အောက်ပါလေ့လာချက်က (၂၀၅၀) တွင် GDP အရ တရုတ်တို့က ကမ္ဘာတွင် အမြင့်ဆုံးဖြစ်လာမည်ဖြစ်သော်လည်း တစ်ဦးချင်းဝင်ငွေတွင်မူ အမြင့်ဆုံး (၁၀)နိုင်ငံစာရင်းထဲတွင် ပါဝင်နိုင်ခြင်းမရှိသေးသည်ကို တွေ့နိုင်သည်။ Per Capita ဟူသော တစ်ဦးချင်းဝင်ငွေသည်လူနေမှုအဆင့်ကိုတိုက်ရိုက်ညွှန်း၍။ တောင်ကိုရီးယားက ဒုတိယ ဝင်ငွေအကောင်းဆုံးဖြစ်လာပြီး၊ ဂျပန်လျှင်ပင် အဆင့် (၈)သို့ ကျဆင်းသွားနိုင်ကြောင်းတွေ့ရသည်။

mgyoe.com